၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.830, September August 4, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ဒေါ်အောင်ဆန်းစုကြည်ရေးသားသော ဆောင်းပါးများ ပုံနှိပ်ဖော်ပြခွင့် မရသေး

**VOA । ဩဂုတ်လ ၂၈ ॥** ॥ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုဂံဘုရားဖူး ခရီးသွားဆောင်းပါးတပုဒ်ကို ပြည်သူ့ခေတ်ဂျာနယ်မှာဖော်ပြဖို့ စာပေစိစစ်ရေးကို ခွင့်ပြုချက်တောင်းခံခဲ့ရာ ပထမအကြိမ်မှာ ခွင့်ပြုချက်မရခဲ့ပါဘူး။ ပြည်သူ့ခေတ်ဂျာနယ်တာဝန်ရှိသူကတော့ ဒီဆောင်းပါးကို ပုံနှိပ်ထုတ်ဝေခွင့်ရဖို့အတွက် စာပေစိစစ်ရေးကို ထပ်မံတင်ပြသွားမယ်လို့ ဗွီအိုအေကိုပြောပါတယ်။ အကြောင်းစုံကို ဆက်သွယ်စုံစမ်းထားတဲ့ ကိုရန်နိုင်ကတင်ပြပေးထားပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မကြာသေးခင်လတွေအတွင်း သွားရောက်ခဲ့တဲ့ ပုဂံခရီးစဉ်နဲ့ပတ်သက်ပြီး ခရီးသွားမှတ်တမ်းဆောင်းပါးကို စာပေစိစစ်ရေးက အခုချိန်ထိ ဖော်ပြခွင့်မပြုသေးဘဲ ဖြစ်နေပါတယ်။ ပြည်တွင်း အပတ်စဉ်ထုတ်ဂျာနယ်တခုဖြစ်တဲ့ ပြည်သူ့ခေတ်ဂျာနယ်က အဲဒီဆောင်းပါးကို ပြီးခဲ့တဲ့တပတ်ကျော်က စာပေစိစစ်ရေးက ပုံနှိပ်ထုတ်ဝေဖို့ ခွင့်မပြုခဲ့ဘူးလို့ ပြည်သူ့ခေတ်ဂျာနယ်ရဲ့ အယ်ဒီတာချုပ် ဆရာဦးဖေမြင့်က ပြောပါတယ်။

"ကျနော်တို့က အရင်တပတ်ကျော်လောက်က တင်တာဗျ။ အရင်တကြိမ်တုန်းက ကျနော်တို့ မရဘူးပေါ့။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်တဲ့ဟာတွေပေါ့ဗျာ။ အဲဒါတွေကို ပေးတန်သလောက်ပေးတဲ့ဟာလည်း ပေးတယ်၊ မပေးတဲ့ဟာလည်း မပေးဘူး။ စိစစ်ရေးမှာတော့ သူ့ဘာသာသူ သတ်မှတ်ချက်တွေတော့ ရှိပါလိမ့်မယ်နဲ့ တူတယ်။ အဲဒီတော့ အဲဒါတွေအရ မပေးနိုင်သေးလို့ စောစောက မပေးတာလို့ ထင်တယ်ဗျ။"

ပြည်တွင်း သတင်းဂျာနယ် တချို့နဲ့တချို့ အင်တာနက်စာမျက်နှာတွေမှာတော့ ဒီဆောင်းပါးကို စာပေစိစစ်ရေးက ခွင့်ပြုလိုက်ပြီဆိုပြီး ပြောဆိုတာတွေ ထွက်ပေါ်နေပါတယ်။ ဒါပေမဲ့လည်း အခုချိန်ထိတော့ စာပေစိစစ်ရေးကို ခွင့်ပြုချက်ရဖို့ ပြန်မတင်ရသေးဘူးလို့ ဆရာဦးဖေမြင့်က ပြောပါတယ်။ ဒါပေမဲ့ လာမယ့်ရက်ပိုင်းတွေ အတွင်းမှာ ခွင့်ပြုချက် ရနိုင်ဖို့အတွက် ထပ်ပြီးကြိုးပမ်းသွားမယ်လို့ သူက အခုလိုပြောပါတယ်။

"ကျနော်တို့ ပထမတင်တယ်ဗျာ။ တင်တဲ့ဟာကို အဆင်မပြေဘူးပေါ့ဗျာ။ အဆင်မပြေတော့ ကျနော်တို့က ပြန်မတင်ရသေးဘူးဗျ။ အခုမှ ခင်ဗျားတို့ ပြောကြဆိုကြတယ်ဗျာ၊ အဲဒါကို ခွင့်ပြုတယ်တို့ ဘာတို့ဆိုတာ၊ ကျနော်တို့ကလည်း မမေးရသေးဘူးဗျ စိစစ်ရေးရုံးကို။မမေးရသေးတဲ့အခါကျတော့ မနက်ဖြန်တနင်္လာနေ့ကျမှပဲ မေးမြန်းကြည့်ပြီး အခြေအနေကြည့်ပြီး အဲဒါကို တင်သင့်တယ်ဆိုရင် တင်မှာပေါ့ဗျာ။ တင်ရင်တော့ ကျနော်တို့က မူလစာကို တင်မှာပေါ့လေ။ အဲဒီသဘောပါပဲ၊ ကျနော်တို့က အဲဒီအတိုင်းပဲ တင်မှာပါ။"

ပြည်သူ့ခေတ်ဂျာနယ်ရဲ့ အယ်ဒီတာချုပ် ဆရာဦးဖေမြင့်ပြောသွားတာဖြစ်ပါတယ်။ ဒီဆောင်းပါးဟာ ပြည်တွင်းထုတ်ဂျာနယ်တွေကို ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးပေးပို့တဲ့ ဆောင်းပါးလည်းဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံဟာ သတင်းနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်အဆိုးဆုံးနိုင်ငံတွေထဲက တနိုင်ငံအဖြစ်စာရင်းသွင်းခံထားရတဲ့ နိုင်ငံတနိုင်ငံဖြစ်ပါတယ်။ ပြီးခဲ့တဲ့နအဖစစ်အစိုးရလက်ထက်မှာဒေါ်အောင်ဆန်းစုကြည်နဲ့ဆိုင်တဲ့ သတင်းတွေနဲ့ နိုင်ငံရေးသတင်း စတာတွေကို ပြည်တွင်းသ

**စာမျက်နှာ ၅ သို့**

| | | | | | |
|---|---|---|---|---|---|
| **ပြည်တွင်းမှ ပိတ်ထားသည့် ဝက်ဘ်ဆိုက်တချို့ ထူးဆန်းစွာ ကြည့်ခွင့်ရ** | **အကျဉ်းထောင်ဥပဒေ ပြင်ဆင်ရေးအဆို သူရ ရွှေမန်းက အတည်မပြုဖို့ ဆုံးဖြတ်** | **စုံစမ်းရေးကော်မရှင် ဖွဲ့စည်းရေးဦးဆောင်ဖို့ ဗိတိန်အစိုးရကို ပြည်သူတွေ စာပို့** | **ဗိုလ်ချုပ်ဈေးအတွင်း လူမဆန်တဲ့ ညီအကိုနှစ်ယောက် လူရှိုင်းတွေလို ရမ်းကား** | **အရေးပေါ်စီမံချက်အက်ဥပဒေ ဖျက်သိမ်းရန်အဆို လွှတ်တော်က ပယ်ချ** | **ကရင့်အမျိုးသားခေါင်းဆောင်တဦး ပြည်တွင်းမှာ အဖမ်းဆီးခံရ** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၅** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၈** |

VOB အာဘော်

# မိခင်ဧရာဝတီကြီးကို စောင့်ရှောက်ကြစို့

မြန်မာနိုင်ငံရဲ့အသက်သွေးကျောသဖွယ် တင်စားခေါ်ဝေါ်သုံးစွဲခဲ့ကြသည့် ဧရာဝတီမြစ်ကြီး ပျက်စီးမည့်ကိန်းဆိုက်နေသည်မှာ ဝမ်းနည်းဖွယ်ကြားသိနေသည်။ ဧရာဝတီမြစ်ကြီး မြစ်ဖျားခံရာ မေခ မေလိခ မြစ်ဆုံနေရာတွင် မြစ်ဆုံရေကာတာစီမံကိန်းနှင့်ရွှေတူးဖော်ရေးစီမံကိန်းတွေကြောင့် ဧရာဝတီမြစ်ကြီး တိမ်ကော ပျောက်ပျက်သွားမည့် အန္တရာယ်ရှိသည်။ ဤ စီမံကိန်းချက်ခြင်းရပ်ရေး တောင်းဆိုကြရမည်။

ဧရာဝတီမြစ်သည် တိုင်းပြည်၏ အသက်သွေးကြောဆိုရာတွင် မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်သူပြည်သူလူထုအများစု၏ စားဝတ်နေရေးအတွက် အင်မတန်အရေးပါသည့်သွေးကြောကြီးသဖွယ်ဖြစ်သည်။ ဤမြစ်ကြီးကို အမှီသဟဲပြု အသက်ရှင်နေကြရသည့် မြစ်ကြောင်းတလျှောက် ပတ်ဝန်းကျင်ဒေသအတွင်း ရှိ ကျေးရွာပေါင်းမြောက်များစွာမှ ဒေသခံများ၏ဘဝပျက်စီးသွားနိုင်သည်၊ သက်ရှိ ရေသတ္တဝါ ကုန်းသတ္တဝါ မြောက်များစွာ အသက်သေကြေပျက်စီးကြရတော့မည်။ မြစ်ရေစီးနှုန်းလျော့နည်းသွား၍ ဧရာဝတီမြစ်ဝှမ်း တလျှောက်ရှိ မြစ်ကြောင်းများအတွင်းကို ပင်လယ်ဆားငံရေများဝင်လာပါက လယ်ယာစိုက်ပျိုးရေး မွေးမြူရေး အစရှိသည့် တိုင်းပြည်၏စပါးကျည်ဟု တင်းစားခဲ့ကြသည့် ဧရာဝတီမြစ်ဝှမ်းသည် လုံးဝစိုက်ပျိုးလုပ်ကိုင်၍မရနိုင်လောက်အောင် ပျက်စီးသွားမည့်အခြေအနေဖြစ်သွားနိုင်သည်။

မြစ်ဆုံရေကာတာ၏ အကျယ်အဝန်းသည် ကေပေါင်းများစွာရှိသဖြင့် ရေကာတာကြောင့် ကျေးရွာအမြောက်အများမှ ဒေသခံပြည်သူလူထုများ အိုးအိမ်ခြံမြေများကို လက်လွှတ်ဆုံးရှုံးကြပြီး ဘေးလွတ်ရာကို အစုလိုက်ပြောင်းရွှေ့ခံကြရမည်။ အကြီးအကျယ်လူ့အခွင့်အရေးချိုးဖောက်မှုကြီးဖြစ်သည်။

မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းပြတ်ရွေ့လျောင်ကြောနှင့် ဆက်စပ်နီးကပ်နေတာကြောင့် ငလျင်ဘေးအန္တရာယ်ကျရောက်နိုင်ကြောင်း ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရနိုင်ကြောင်း ပညာရှင်များအဆိုရသိရသည်။ အကယ်၍ ငလျင်ဒဏ်ကြောင့် မြစ်ဆုံရေကာတာကြီးပျက်စီးကျိုးပေါက်သွားပါက အနီးကပ်ဆုံးရှိ မြစ်ကြီးနားတမြို့လုံးနီးပါး စက္ကန့်အနည်းအတွင်း ရေအောက်ရောက်သွားနိုင်ကြောင်း ပညာရှင်များက ဆိုပါသည်။

ဧရာဝတီမြစ်ကြီး ဆက်လက်ရှင်သန်ရေး ထိန်းသိမ်းနိုင်မှသာလျှင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု၊ လူမှုရေး စီးပွားရေးတိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၏အရေးပါမှုလည်းဖြစ်သည်။

ဧရာဝတီမြစ်ကြီး တိမ်ကောသွားမည့်အရေး စိုးရိမ်စိတ်များစွာဖြင့် ပြည်တွင်း ပြည်ပမှ ပညာရှင်များ စာရေးဆရာများ အနုပညာရှင်များ စသည့်အမျှော်အမြင်ရှိသူများက ဧရာဝတီကို ကာကွယ်ကြရန်ပြောဆိုနေကြသည်၊ ဧရာဝတီ ထာဝရရှင်သန်ရေးအတွက် နည်းမျိုးစုံဖြင့် လူမျိုးမရွေး ဘာသာမရွေး အလွှာပေါင်းစုံမှ နိုင်ငံရေးအင်အားစုများ စီးပွားရေးပညာရှင်များ စာပေအနုပညာရှင်များ အလုပ်သမား လယ်သမားများ အားလုံးပါဝင်ပူးပေါင်းကြ၍ အမျိုးသားရေးတာဝန်သိစိတ်ဖြင့် အမျိုးသားရေးလှုပ်ရှားမှုအဖြစ် မိခင်ဧရာဝတီကြီးကို စောင့်ရှောက်ကြရန်၊ ကာကွယ်ကြရန်နှင့် မြစ်ဆုံရေကာတာစီမံကိန်းကို ချက်ခြင်းရပ်ဆိုင်းရေး ဝိုင်းဝန်းတောင်းဆိုကြရန် တပ်လှန့်နိုးဆော်လိုက်သည်။

---

# အကျဉ်းထောင်လက်စွဲဥပဒေ မကျင့်သုံးတော့ဟု ဝန်ကြီးဗိုလ်ချုပ်ကိုကိုပြောဆို

**DVB ၊ ဩဂုတ် ၃၀ ။** ။ထောင်တွင်းဆူပူမှုတွေ ဖြစ်စေတာကြောင့် အင်္ဂလိပ်ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့တဲ့ အကျဉ်းထောင်လက်စွဲဥပဒေကို မကျင့်သုံးတော့ဘူးလို့ အစိုးရသစ်ကပြောပါတယ်။

အကျဉ်းထောင်လက်စွဲဥပဒေပါ ဥ‌ေဒ္ဓသည်များဘုတ်အဖွဲ့ ဖွဲ့စည်းဖို့ အစီအစဉ် ရှိမရှိ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ အမျိုးသားဒီမိုကရေစီပါတီသစ် ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က မေးမြန်းတာကို ပြည်ထောင်စုပြည်ထဲရေးဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီး ကိုကိုက ပြန်လည်ဖြေကြားခဲ့တာပါ။

၁၈၉၄ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ အကျဉ်းထောင်လက်စွဲ ဥပဒေအတိုင်း ဘုတ်အဖွဲ့ကို ၁၉၇၅ နောက်ပိုင်းမှာ မကျင့်သုံးတော့ဘူးလို့ ဝန်ကြီးက ပြောကြောင်း ဦးဘုန်းမြင့်အောင် က ရှင်းပြပါတယ်။

"ဒီဥပဒေအတိုင်း ဧည့်သည်များဘုတ်အဖွဲ့ဖွဲ့တာတွေ လက်စွဲဥပဒေအတိုင်း လုပ်မယ်ဆိုရင် အကျဉ်းသားတွေက ဆူဆူပူပူတွေရှိတော့ သူတို့ ရှင်းလင်းရခက်ပါတယ်။ ဒီဥပဒေကလည်း နယ်ချဲ့ဗြိတိသျှတွေ ရေးဆွဲခဲ့တဲ့ဥပဒေဖြစ်နေတယ်ဆိုပြီး အချက်အလက်တွေနဲ့အကြောင်းပြပါတယ်။"

ပြည်ထဲရေးဝန်ကြီးဌာနနဲ့ အကျဉ်းဦးစီးဌာနက အကျဉ်းထောင်လက်စွဲဥပဒေသစ်ရေးဆွဲနေပြီး လွှတ်တော်ကို တင်ပြမယ်လို့ ပြည်ထဲရေးဝန်ကြီးကပြောကြားပြီး လွှတ်တော်ဥက္ကဋ္ဌကလည်း အမြန်ဆုံးရေးဆွဲတင်သွင်းဖို့ တိုက်တွန်းတယ်လို့လည်းဆိုပါတယ်။

"ဘုတ်မရှိပေမယ့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ကလူတွေ သာသနာ့ဆရာတော်တွေ ထောင်ထဲကိုကြွပြီးတော့ ပြင်ပအလှူရှင်တွေကလည်း ရေသန့်စက်တွေ တပ်ပေးတာတွေ လုပ်ပေးတာရှိ ပါတယ်၊ ထောင်ထဲမှာလည်း အလှူပွဲတွေ၊ တရားပွဲတွေ ကျင်းပနိုင်တယ် ပြော ပါတယ်။"

ပြည်ထောင်စုလွှတ်တော်မှာ မနေ့ကတင်ပြတဲ့ အကျဉ်းထောင်

**စာမျက်နှာ ၄ သို့**

# ပြည်တွင်းမှ ပိတ်ထားသည့် ဝက်ဘ်ဆိုက်တချို့ ထူးဆန်းစွာ ကြည့်ခွင့်ရ

**VOA ၊ ဩဂုတ်လ ၂၉ ။** ။ အင်တာနက် လွတ်လပ်ခွင့်ကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားတဲ့ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ ရက်ပိုင်းကစပြီး ပြည်ပသတင်းဌာန တချို့ရဲ့ အင်တာနက်စာမျက်နှာတွေ အပါအဝင် ဘလော့ဂ်တချို့ကို တိုက်ရိုက်ကြည့်ရှုလို့ ရလာပါတယ်။ အရင်တုန်းက Proxy Server ခံပြီးမှ ကြည့်လို့ရခဲ့တဲ့ ဒီအင်တာနက် စာမျက်နှာတွေကို ဘယ်လိုအကြောင်းကြောင့် အခု တိုက်ရိုက် ကြည့်လို့ရနေတယ်ဆိုတာကတော့ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။ ဒီအခြေအနေနဲ့ ပတ်သက်လို့ပြည်တွင်းကအင်တာနက်သတင်းဖတ်သူတွေနဲ့ပြည်ပမီဒီယာသမားတွေကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက်ကိုကျော်ထင်က ဆက်သွယ်မေးမြန်းပြီး တင်ပြပေးထားပါတယ်။

ပြည်ပသတင်းဌာနတွေရဲ့ အင်တာနက်စာမျက်နှာတွေ၊ ဘလော့ဂ်တွေနဲ့ နိုင်ငံခြားသတင်းစာတွေ၊ ရုပ်သံလိုင်းတွေကိုတိုက်ရိုက်ကြည့်လို့မရအောင် ပိတ်ထားတဲ့ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ ရက်ပိုင်းကစပြီး မီဒီယာတချို့ရဲ့ အင်တာနက်စာမျက်နှာကို ကြားခံ Proxy မလိုဘဲ တိုက်ရိုက်ကြည့်လာနိုင်တာ ဖြစ်ပါတယ်။

ပြည်ပမီဒီယာတွေရဲ့ အင်တာနက်စာမျက်နှာကို ကြည့်နေကျ ပြည်တွင်းက NGO ဝန်ထမ်းတယောက်က ပြောင်းလဲလာမှုအပေါ်အခုလို ပြောပါတယ်။

"ဟုတ်ပါတယ်ဗျ၊ ကျနော်တို့ အရင်တုန်းကဆို Proxy နဲ့ခံပြီးတော့မှာ ကြည့်လို့ရတဲ့ ဝက်ဘ်ဆိုက်တွေဖြစ်တဲ့ ဧရာဝတီတို့၊ မဇ္ဈိမတို့၊ နေ့သစ်တို့ကို ဒီနေ့မှာ တိုက်ရိုက်ကြည့်လို့ ရပါတယ်။ နောက် ဒေါက်တာလွင်္ကာဆွေလည်း တိုက်ရိုက်ကြည့်ရတာ ရနေပါတယ်။ ဒါပေမဲ့ တချို့ဟာတွေ မရသေးဘူးဗျ။ ဥပမာ ဗွီအိုအေတို့၊ ဒီဗွီဘီတို့။"

"ကျနော်တို့ မြင်တာတော့ သတင်းမီဒီယာတွေကို သမ္မတကြီး ပြောတဲ့နောက်ပိုင်းမှာ ဒီလိုဟာမျိုး တွေ့ရတဲ့အခါကျတော့ ဒါ တုံ့ပြန်အလားအလာကို ဦးတည်နေတယ်လို့တော့ ယူဆပါတယ်။ ဒီမိုကရေစီတိုင်းပြည်တွေမှာ ဒါမျိုးတွေ လျှော့တဲ့အခါကျတော့ လွတ်လွတ်လပ်လပ်ကြည့်လို့ရတာ ပိုကောင်းလာတယ်ဗျ။"

မကြာသေးခင်ကလည်း သမ္မတဦးသိန်းစိန်က စတုတ္ထ မဏ္ဍိုင်ဖြစ်တဲ့ မီဒီယာတွေရဲ့အခန်းကဏ္ဍကို အသိအမှတ်ပြုရမှာဖြစ်ပြီး ရေးသား ပြောဆိုမှုတွေကို အစိုးရက အလေးထားသွားမယ်လို့ ဆိုပါတယ်။ ဧရာဝတီသတင်းဌာန အယ်ဒီတာကိုကျော်စွာမိုးကတော့အစိုးရသစ်ရဲ့ မီဒီယာအပေါ် ချဉ်းကပ်မှုကို အခုလို မြင်ပါတယ်။

"သေချာ ကျနော်တို့ ဘာမှ ပြောလို့တော့ မရသေးဘူး။ ပေါ်လစီပြောင်းလို့ပဲ ဖွင့်ပေးတာလားဆိုတာ။ ဒါပေမဲ့ ကျနော်ထင်တယ်၊လက်ရှိအစိုးရ အနေနဲ့တော့ သေသေချာချာ နိုင်ငံရေးအရရော၊ အပြည်ပြည်ဆိုင်ရာကရော အပြောင်းအလဲတွေလုပ်နေတယ်ဆိုတာ မြင်စေချင်တယ်ဆိုရင် မီဒီယာကလည်း တကယ်အရေးကြီးတဲ့ကဏ္ဍတခုဆိုတော့ သူတို့ ဖွင့်ကို ဖွင့်ပေးရမှာပေါ့လေ။

"အဲဒီအတွက် သူတို့သွေးတိုးစမ်းနေလားတော့မသိဘူး။ပြီးခဲ့တဲ့သီတင်းပတ်တွေတုန်းကလည်း ဘီဘီစီတို့၊ ဘာတို့တွေကိုသတင်းစာက ပုတ်ခတ်ရေးသားတာ၊ ပုံမှန်ထည့်တဲ့ဟာတွေမထည့်တော့ဘူးလေ။ ဒါကလည်း အကြီးကြီးတော့မဟုတ်ဘူး။ ဒါပေမဲ့ အနည်းနဲ့အများ သေးသေးလေး ပြောင်းလဲမှုတခုလို့တော့ ပြောလို့ရတယ်။ သူတို့ဘက်ကနေပြီးတော့ တခြားအရင်အစိုးရနဲ့ မတူတဲ့ လုပ်ဆောင်မှုတခုလို့တော့ပြောလို့ရတယ်။"

ဘလော့ဂ်ဂါ ဒေါက်တာလွင်္ကာဆွေကတော့ အခုလို ဖွင့်ပေးတာဟာ အစိုးရထိန်းချုပ်တဲ့ အင်တာနက်ဆာဗာတွေ နည်းပညာ အမှားအယွင်းကြောင့် ဖြစ်နိုင်သလို အမှန်တကယ် မီဒီယာလွတ်လပ်ခွင့်ပေးမယ်ဆိုရင်လည်း စာပေစိစစ်ရေးပေါ်လစီကို ဖျက်သိမ်းသင့်တယ်လို့ ပြောပါတယ်။

"အပြောင်းအလဲ ပြောရအောင်ကျတော့ ဒီလိုမျိုးအနေအထားတွေက တခါခါလည်း ပြည်တွင်းမှာဖြစ်တတ်တယ်လို့ ပြောတာပဲ။တခါတရံလည်း ကျနော်တို့ဘလော့ဂ်တွေကို ၂ ရက်တန်သည်၊ ၃ ရက်တန်သည် ဖွင့်လို့ရတာတွေ ရှိရှိနေတော့ သူတို့ နည်းပညာပိုင်းမှာအမှားအယွင်းရှိလို့များ လွတ်နေတာလားပေါ့နော်။ သူတို့ဘက်ကလျှော့ပေးချင်ရင်တော့ ဒီတမျိုးတည်းမဟုတ်ဘူးလေ။ မီဒီယာလွတ်လပ်ခွင့်ဆိုတာ အများကြီးပဲ။

"ဖြစ်နိုင်ရင် မီဒီယာလွတ်လပ်ခွင့် ပေးချင်ရင်တော့ ပြည်တွင်းမှာရှိတဲ့ စာပေစိစစ်ရေးရုံးက ထားကို မထားသင့်တော့တာဗျ။ ကျနော်တို့ ဘလော့ဂ်လေးကို ကြည့်လို့ရရုံလောက်နဲ့ မီဒီယာ လွတ်လပ်ခွင့်ပေးတယ်လို့ပြောလို့မရဘူး။ ဘာလို့ဆိုတော့ သူတို့က အထဲမှာလုပ်ချင်သလိုလုပ်နေကြတာပဲလေ။ ဒီနေ့ကြည့်လို့ရရုံနဲ့ မနက်ဖြန် ကြည့်လို့ ရချင်မှရမှာ၊ ကျိန်းသေပေါက် ပြောလို့မရသေးဘူး။"

မြန်မာနိုင်ငံရဲ့ အဓိက အင်တာနက်ဆာဗာတွေက အစိုးရထိန်းချုပ်ထားတဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ရတနာပုံတယ်လီပေ့ါတို့ ဖြစ်ကြပါတယ်။ ရတနာပုံတယ်လီပေ့ါဟာ ပြည်ပသတင်းဌာနတွေရဲ့ အင်တာနက်စာမျက်နှာတွေ၊ ဘလော့ဂ်တွေနဲ့နိုင်ငံခြားသတင်းစာတွေကို အလွယ်တကူ ကြည့်လို့မရအောင် ပိတ်ထား တယ်လို့လည်း အင်တာနက် လွတ်လပ်ခွင့်ကို စောင့်ကြည့်နေတဲ့ အမေရိကန်အခြေစိုက် Freedom House အဖွဲ့က ဆိုပါတယ်။

မြန်မာနိုင်ငံဟာ အီရန်ပြီးရင် အင်တာနက်လွတ်လပ်ခွင့်ကို အဆိုးဆုံး ထိန်းချုပ်ထားတဲ့နိုင်ငံ ဖြစ်တယ်လို့လည်း ဒီနှစ် ဧပြီလက ထုတ်ပြန်ခဲ့တဲ့ Freedom House အဖွဲ့ရဲ့ အစီရင်ခံစာမှာ ပါရှိပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့စာရင်းအရ ပြီးခဲ့တဲ့ နှစ်လယ်ပိုင်းထိအင်တာနက်သုံးစွဲသူ ၄၀၀,၀၀၀ ကျော် ရှိတယ်လို့ သိရပါတယ်။

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# ငြိမ်းချမ်းရေး ကော်မတီဝင်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို အကြံပြု

**Mizzima l ဩဂုတ်လ ၃၁ ll** ll အမျိုးသားလွှတ်တော်၏ ဗုဒ္ဓဟူးနေ့ ပုံမှန် အစည်းအဝေးတွင် အမတ်အချို့က အစိုးရ အဆက်ဆက်သည် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ခြင်း မရှိဟု ဝေဖန်သွားကြသလို ဒေါ်အောင်ဆန်းစုကြည်ကို ငြိမ်းချမ်းရေး ကော်မတီတွင် ထည့်သွင်းရန် အမတ်တဦးက အကြံပြုသည်။

ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီဝင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် ၉မှ အမတ်ဦးထွန်းလွင် တင်သွင်းသော "မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အတွက်အမြဲတမ်းကော်မတီ ဖွဲ့စည်းရေး" အဆိုကို ကန့်ကွက်သူမရှိဘဲ စစ်ဘက် အမတ်တဦးအပါအဝင် အမတ် ၁၃ ဦးက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ထောက်ခံ ဆွေးနွေးသူ တဦးဖြစ်သည့် ချင်းတိုးတက်ရေး ပါတီမှ ဦးပေါ်လျံလွင်က "အစိုးရအဆက်ဆက်က အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အတွက်ပဲလုပ်တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အတွက်လုပ်တာ အားနည်းတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မတည်ဆောက်နိုင်လို့ ငြိမ်းချမ်းရေးကိုမတည်ဆောက်နိုင်တာဖြစ်တယ်။" ဟု ဆွေးနွေးသွားခဲ့ကြောင်းအမတ် တဦးက မဇ္ဈိမသို့ ပြန်ပြောပြသည်။ ကရင်ပြည်သူ့ပါတီ၏ ကရင်ပြည်နယ် မဲဆန္ဒနယ် ၇ မှ ဦးစောတော်ပလဲ၏ ဆွေးနွေးချက်ကို ပြန်ပြောရာတွင်တော့....

"သူ့အိမ်မှာ ညီတွေ၊ အမျိုးတွေကလည်း ခြေတဘက်ပြတ်၊နှစ်ဘက်ပြတ်တွေများပါတယ်တဲ့။ မိုင်းနင်းမိပြီးတော့ ပေါ့လေ။ ကရင်ပြည်နယ်က ပြည်သူတော်တော်များများက လွှတ်တော်ဆိုတာလည်း စိတ်မဝင်စားပါဘူး။ ဒီမိုကရေစီဆိုတာလည်း နားမလည်ပါဘူးတဲ့၊ သူတို့လိုချင်တာက ငြိမ်းချမ်းရေးပဲလိုချင်တာပါတဲ့။" ဟု ပါရှိသည်။

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၏ ရခိုင်ပြည်နယ် မဲဆန္ဒနယ် ၃ မှ ဦးအေးမောင်မှ ငြိမ်းချမ်းရေးကော်မတီတွင် အများကြည်ညိုလေးစားသည့် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ကော်မတီဝင်အဖြစ်ထည့်သွင်းသင့်ကြောင်း အကြံပြုသွားသည်။

စစ်ဘက်ကိုယ်စားလှယ်အမတ် ဗိုလ်မှူးကြီး မောင်မောင်ကြီးကလည်း ငြိမ်းချမ်းရေး မတည်ဆောက်နိုင်ခြင်းကြောင့် တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျရကြောင်း ဆွေးနွေးသွားခဲ့သည်။ အမျိုးသားလွှတ်တော် သမိုင်းတလျှောက် စစ်ဘက် အမတ်တဦး၏ပထမဆုံးအကြိမ် ဆွေးနွေးခြင်းလည်းဖြစ်သည်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဒေါက်တာဗညားအောင်မိုးက ဗမာလူမျိုးကြီးဝါဒရှိနိုင်ပြီး၊ တိုင်းရင်းသားများဘက်မှလည်းလူမျိုးစွဲရှိတတ်ခြင်းကြောင့် ယင်းအမြင်များကို လျော့မှငြိမ်းချမ်းရေးရနိုင်မည်ဖြစ်ကြောင်းလည်းဆွေးနွေးခဲ့သည်။ ဦးထွန်းလွင်၏ အဆိုကို ကန့်ကွက်သူမရှိ ထောက်ခံခဲ့ကြပြီး အမျိုးသားလွှတ်တော်မှ အတည်ပြုပေးခဲ့သော်လည်းကော်မတီကို မည်သို့ဖော်ဆောင်မည်၊ မည်သူများကိုကော်မတီဝင်များထားရှိမည်စသည့် လုပ်ငန်းစဉ်များကို အထက်လွှတ်တော်အမတ်များကိုယ်တိုင်မသိရှိသေးဘဲ ဖြစ်နေသည်။

ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် စပြီး ညနေ ၅ နာရီ ၃၀ မိနစ်မှ ပြီးဆုံးသော အထက်လွှတ်တော်၏ ကိုးရက်မြောက် အစည်းအဝေးတွင် လက်ရှိအစိုးရကို ချီးကျူးသောအဆိုကို အာဏာရပါတီ ကြံ့ခိုင်ရေးမှ အမတ်ဦးခင်မောင်ဌေးက"ပြည်ထောင်စုအစိုးရနှင့် တိုင်းနှင့်ပြည်နယ်များ၏ရက် ၁၀၀ ကာလအတွင်းဆောင်ရွက်ချက်များကိုချီးကျူးကြောင်း မှတ်တမ်းတင်ပေးရန်" ခေါင်းစဉ်ဖြင့် တင်သွင်းခဲ့သည်။ ယင်းအဆိုကို ကန့်ကွက်သူလည်းရှိခဲ့၍ မဲခွဲဆုံးဖြတ်ရာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအများစုဖြစ်သော လွှတ်တော်တွင် အဆိုရှင်မှ အနိုင်ရသွားသည်။

ဦးခင်မောင်ဌေးမှအဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံနိုင်မှုသည်လည်း အစိုးရ၏အောင်မြင်မှုတခုဖြစ်သည်ဟု ရည်ညွှန်းသွားခဲ့သည်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဒေါက်တာ ဗညားအောင်မိုးက ကန့်ကွက်သူဖြစ်ပြီး ရက် ၁၀၀ နှင့် မလုံလောက်ဘဲ အနည်းဆုံး ခြောက်လ စောင့်ကြည့်ရန်လိုသည်ဟု ဆိုသည်။

မေးခွန်းအပိုင်းတွင် ကြံ့ခိုင်ဖွံ့ဖြိုးရေးမှ ဦးသိန်းဝင်း၏ "အများပြည်သူတို့အပေါ် မလျော်ဩဇာ ကျင့်သုံးမှု၊ မမှန်မကန် ပြုကျင့်မှုများအတွက် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးကြသည့် အခါစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များတွင် ထိုရပ်ရွာဒေသမှ ယုံကြည်လေးစားသူများကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းရန်" အဆိုကို ပြည်ထောင်စုဝန်ကြီးဒုဗိုလ်ချုပ်ကြီးကိုကိုမှ ပြန်လည်ဖြေကြားရာတွင် ရွာမိ၊ ရွာဖများကို သက်သေအဖြစ်သာ ထားမည်ဖြစ်ပြီး ဌာနဆိုင်ရာမှ သူများကိုသာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များအဖြစ်ထားရှိမည်ဟု ပြန်လည်ဖြေကြားသည်။

ယင်းအပြင် ရန်ကုန်တိုင်း မဲဆန္ဒနယ် ၁၀ မှ ကြံ့ဖွံ့အမတ် ဦးနမှ အခြေခံပညာရေးအဆင့်တွင် အမျိုးသားဆရာများ ရှားပါးလာခြင်း ပြဿနာကိုဖြေရှင်းရန်မေးမြန်းရာပညာရေးဝန်ကြီးဒေါက်တာမြအေးမှ ပြန်လည် ဖြေကြားရာတွင် ဝန်ကြီးဌာနမှ အမျိုးသားဝန်ထမ်းများကို ခန့်ထားပေးသော်လည်း ထိုသူများမှ လုပ်ကိုင်လိုစိတ် မရှိခြင်းကြောင့် လစာတိုးပေးခြင်း၊ ရာထူးတိုးပေးခြင်းတို့ လုပ်ဆောင်ကာ ဆွဲဆောင်ရန် ကြိုးစားနေကြောင်း ပြန်လည် ဖြေကြားခဲ့သည်။

---

**စာမျက်နှာ ၂ မှ**

အက်ဥပဒေသစ် မူကြမ်းရေးဆွဲရေးကိုလည်း ဒီဥပဒေမူကြမ်းကို ရေးဆွဲနေပြီလို့ ပြည်ထဲရေးဝန်ကြီးကတင်ပြပြီး လွှတ်တော်ဥက္ကဌက အဆိုရုပ်သိမ်းခိုင်းခဲ့ပါတယ်။

အမျိုးသားလွှတ်တော်အစည်းအဝေးမှာလည်း ခရိုင်တရားသူကြီးတွေ ပြည်ထောင်စုတရားလွှတ်တော်ကို အကျဉ်းထောင် အစီရင်ခံစာတင်ပြတာကို ဆက်ပြီး ဆောင်ရွက်ဖို့ ရှိ မရှိ မေးမြန်းချက်ကိုလည်း ဆက်လုပ်ဖို့ အစီအစဉ်မရှိကြောင်း ပြည်ထဲရေးဝန်ကြီးက ဖြေသွားပါတယ်။

အင်းစိန်ထောင်အပါအဝင် အကျဉ်းထောင်တွေမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူတချို့က ထောင်လက်စွဲဥပဒေအတိုင်း အခွင့်အရေးပေးဖို့ လူ့ဂုဏ်သိက္ခာနဲ့ညီတဲ့ အစားအသောက်နဲ့ အဝတ်အထည်တွေ လုံလုံလောက်လောက်ပေးဖို့ လွန်ခဲ့တဲ့လပိုင်းအတွင်း အစာတော်ခံဆန္ဒပြတောင်းဆိုကြဖူးပါတယ်။

အကျဉ်းဦးစီးဌာနကတော့ အစိုးရဘတ်ဂျက်နဲ့ လုံခြုံရေးကို အကြောင်းပြပြီး တောင်းဆိုချက်တွေကို မလိုက်လျောခဲ့ပါဘူး။

# အကျဉ်းထောင်ဥပဒေ ပြင်ဆင်ရေးအဆို သူရရွှေမန်းက အတည်မပြုဖို့ဆုံးဖြတ်

**DVB | ဩဂုတ် ၂၉ ။** ။ အကျဉ်းထောင်ဥပဒေ ပြင်ဆင်ရေး အဆိုပြုချက်ကို ဒီနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ တင်သွင်းတာကို လွှတ်တော်က အတည်မပြုဘူးလို့သိရပါတယ်။

အမျိုးသားဒီမိုကရေစီပါတီသစ်ခေါင်းဆောင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့ "၂၁ ရာစုနဲ့ညီညွတ်တဲ့ ဂုဏ်သိက္ခာကိုအာမခံနိုင်တဲ့အကျဉ်းထောင်အက်ဥပဒေသစ်ကိုမူကြမ်းရေးဆွဲပြီး တတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးမှာ ဆွေးနွေးနိုင်ဖို့ လိုအပ်တဲ့ပြင်ဆင်မှုတွေကို ပြုလုပ်ပေးဖို့အဆို" ကိုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက အတည်မပြုဖို့ဆုံးဖြတ်တာပါ။

ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီးဌာနက အလားတူ အကျဉ်းထောင်ဥပဒေ ပြင်ဆင်ရေးနဲ့ပတ်သက်ပြီး ဥပဒေမူကြမ်းတွေ တင်သွင်းဖို့ရှိတာကြောင့် ဒီနေ့အဆိုတင်တာကို အတည်မပြုတာလို့ မြေပုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းကပြောပြပါတယ်။

"ပြည်ခိုင်ဖြိုးပါတီဝင်မဟုတ်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက ထောက်ခံဆွေးနွေးတယ်။ ပြည်ခိုင်ဖြိုးပါတီက ၃ ဦးက ကန့်ကွက်တယ်။ ပြည်ထောင်စုဝန်ကြီးက အကျဉ်းထောင်နဲ့ပတ်သက်ပြီးတော့ ဒီဥပဒေကို လွှတ်တော်မှာတင်ပြဖို့ အကြောင်းအရာတွေကို လုပ်ထားပါတယ်လို့ ပြောတော့ လွှတ်တော်ဥက္ကဋ္ဌက ဒါဆိုရင် ပြည်ထဲရေးဝန်ကြီးကလည်း ဥပဒေနဲ့ပတ်သက်ပြီး ပြင်ဆင်ဖို့ အဆိုကြမ်းတင်မယ်ဆိုတော့ ဒါတွေက လွှတ်တော်မှာ မှတ်တမ်းပဲတင်ထားတော့မယ် ဆိုပြီးတော့ ဦးသိန်းညွန့်ကိုလည်း ပြန်ဖြေရှင်းခွင့် မပေးဘူး။ စာနဲ့ပဲ ဒီအဆိုဟာ မလိုအပ်ဘူးဆိုပြီး ဒါနဲ့ပဲ ရုပ်သိမ်းဖို့ခိုင်းလိုက်ပါတယ်။"

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကိုကိုရဲ့ အကျဉ်းထောင်ဥပဒေ ပြင်ဆင်ရေးနဲ့ဆိုင်တဲ့ ဆွေးနွေးချက်တွေနဲ့ပက်သက်ပြီးတော့လည်း ဦးဖေသန်းကပြောပြပါတယ်။

"ဘယ်အခန်းမှာ ဘယ်လိုပြင်ဆင်မယ်ဆိုတာ မပြောသေးဘူး ။ ခြုံပြောသွားတာဆိုတော့ အချို့ကို ပြင်ဆင်ဖို့လုပ်ထားတယ်၊ လွှတ်တော်ကို တင်သွင်းမယ်ပြောတော့ ထောင်ထဲမှာဖြစ်နေတဲ့ အဆိုးဆုံးအခြေအနေ၊ အစားအသောက် အနေအထိုင်တွေကအစ တိုက်ပိတ်တာတို့ နယ်ဝေးကို ပို့တာတို့၊ ဆေးခန်းမပြနိုင်တာတို့၊ သတင်းစာ၊ စာအုပ်တွေ ဖတ်ခွင့်မရတာတို့၊ ထောင်ထဲမှာ ထောင်အရာရှိဆိုတဲ့လူတွေက အပြစ်ပေးတာတွေ အကုန်လုံးမဟုတ်သည့်တိုင်အောင် တချို့တဝက် ဥပဒေတွေ ပြောင်းလဲပြင်ဆင်မယ်လို့ မျှော်လင့်ပါတယ်။"

ဒီနေ့အဆိုတင်သွင်းတဲ့ ဦးသိန်းညွန့်ကတော့ ဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်လို့ ဆက်ပြီးဆောင်ရွက်ရမယ်လို့ ပြောကြားပါတယ်။

"ဒီဥပဒေကို လွှတ်တော်ထဲမှာ ကျနော်တို့ ဆွေးနွေးခွင့်ရပြီဆိုတာနဲ့တပြိုင်နက် အခြေခံဥပဒေပုဒ်မ ၄၄ မှာပါတဲ့ လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေတဲ့ ပြစ်ဒဏ်များပြဋ္ဌာန်းခွင့် မရှိစေရဆိုတဲ့အချက်ရယ်၊ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းမှာပါတဲ့ မည်သူ့ကိုမျှ ညှဉ်းပမ်းနှိပ်စက် သို့မဟုတ် ရက်စက်ကြမ်းကြုတ်စွာ လူမဆန်စွာ ပြုမူခြင်းမပြုရ၊ ပြစ်ဒဏ်ပေးခြင်း မပြုရဆိုတဲ့ အချက်တွေနဲ့ ကိုက် အောင် တော့ကျနော်တို့က မီးမောင်းထိုးပြီး ဆောင်ရွက်ရမှာပေါ့။"

အကျဉ်းထောင်ဥပဒေနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော်မှာလည်း မေးမြန်းမှုရှိပါတယ်။ ၁၉၆၂ ခုနှစ် အကျဉ်းထောင်အက်ဥပဒေအရ ခရိုင်တရားသူကြီးတွေက ပြည်ထောင်စုတရားလွှတ်တော်ကို အကျဉ်းထောင် အစီရင်ခံစာ တင်ပြတာကို အခု ဆက်ပြီး ဆောင်ရွက်ဖို့ ရှိ မရှိ မေးမြန်းချက်ဖြစ်ပါတယ်။ မနက်ဖြန် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ၁၉၅၀ ခုနှစ် နိုင်ငံတော်အရေးအပေါ်အခြေအနေ အက်ဥပဒေကို ရုပ်သိမ်းရေးအဆို ကိုဆွေးနွေးဖို့ရှိပါတယ်။

# KIO အစိုးရတပ်ကို ခြုံခိုတိုက်ခိုက်

**Mizzima | ဩဂုတ်လ ၃၁ ။** ။ မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့အကြား ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)က အစိုးရတပ်များကို ခြုံခိုတိုက်ပြီးနောက် ဒေသတွင်း လုံခြုံရေးယူထားသော အစိုးရတပ် အချင်းချင်းများယွင်းပစ်ခတ်မှု ဖြစ်သွားသည်။

"တိုက်ပွဲက ကြီးကြီးမားမားမဟုတ်ဘူး။ ကျနော်တို့အဖွဲ့က (၅ မိနစ် - ၁၀ မိနစ်) ပိုင်းလောက် ခြုံခိုပစ်ပြီး ပြန်သွားတယ်၊ သူတို့ လုံခြုံရေးအဖွဲ့က ဟိုအဖွဲ့ ဒီအဖွဲ့ဆင်းလာပြီး သူတို့အချင်းချင်းများပြီး ပစ်ခတ်ကြတယ်။" ဟု KIOပြောရေး ဆိုခွင့်ရှိသူ ဦးလနန်က ပြောသည်။

မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့ အဝေးပြေးကားလမ်းပေါ်ရှိ နမ့်ဖတ်ကာကျေးရွာ၊ နမ့်ကွတ်နှင့် မန်လွယ်အကြား အခင်းဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ KIO ဘက်မှ အစိုးရစစ်ယာဉ်တန်းကို ပစ်မှတ်ထား တိုက်ခိုက်နေသည်မှာ ၁၀ ကြိမ်ခန့်ရှိပြီဟုလည်း ဆိုသည်။ တရုတ်ဘက် မောင်းနှင်လာသော အစိုးရတပ်ယာဉ်တန်းတွင် စစ်တပ်သုံးပစ္စည်းများ တင်ဆောင်လာလေ့ ရှိသည်ဟု သူကပြောသည်။

တရုတ်မှ ဝယ်ယူထားသော စစ်သုံးယာဉ်များကို ကြယ်ခေါင်-မူဆယ်ဂိတ်မှတဆင့် မူဆယ်လေယာဉ်ကွင်းသို့ သယ်ဆောင်ထားပြီး ယာဉ်တန်းပြည့်လျှင်လားရှိုးမန္တလေးသို့ သယ်ဆောင်လေ့ရှိသည်။

**မျက်နှာဖုံးမှ**

တင်းဂျာနယ်တွေမှာ ဖော်ပြတာတွေကို အာဏာပိုင်တွေဘက်က တင်းတင်းကျပ်ကျပ် တားမြစ်ထိန်းချုပ်ထားခဲ့ပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလက ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကပြန်လွတ်မြောက်လာပြီးတဲ့နောက်ပိုင်းမှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ဆိုင်တဲ့သတင်းတွေကိုပြည်တွင်းသတင်းဂျာနယ်တွေမှာ မကြာခဏဆိုသလို ဖော်ပြတာတွေ ရှိလာခဲ့တာကို တွေ့ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးသွားဆောင်းပါးနဲ့ ပတ်သက်ပြီးတော့ ပြည်တွင်းထုတ် သတင်းဂျာနယ်တွေမှာ ဖော်ပြခွင့်ရဖို့ ခွင့်ပြု ချက်မရသေးပေမဲ့လည်း ဂျပန်နိုင်ငံထုတ် မိုင်နိချိ သတင်းစာမှာ မြန်မာပြည်ကပေးစာဆိုပြီး ဒေါ်အောင်ဆန်းစုကြည် အင်္ဂလိပ်ဘာသာနဲ့ ဆောင်းပါးတွေ ရေးသားနေတာတွေမှာ ပုဂံဘုရားဖူး ခရီးစဉ်အကြောင်း ရေးသားထားတဲ့ ဆောင်းပါး ၂ စောင်ကို မိုင်နိချိ သတင်းစာက ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

# အာမခံချက်ရှိလို့ ဒီခြေလှမ်းတွေ လှမ်းနေတာဖြစ်တယ်

**မဇ္ဈိမ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

**ရဲဘော် ဖိုးသံချောင်း**

ပြီးခဲ့တဲ့ ၁၇ ရက်နေ့တုန်းက ကြံ့ဖွံ့တ်သမ္မတဦး(ဗိုလ်)သိန်းစိန်က မဟာမိန့်ခွန်းကြီးတခု ချွေပြီးတဲ့နောက်မှာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကမ်းလှမ်းတယ်ဆိုတဲ့ကြေညာချက်တခုဆက်တိုက်ထွက်လာပါတယ်။ သူတို့ဟာ သတင်းစာ ရှင်းလင်းပွဲဆိုတာတွေ တခြိမ်းခြိမ်းကျင်းပသလို ဒေါ်အောင်ဆန်းစုကြည်ကိုကြပ်ပြေးနေပြည်တော်ကိုခေါ်ဆွေးနွေးတာတွေလည်းလုပ်ပါတယ်။ မီဒီယာသမားတွေအတွက်တော့ သတင်းစည်ဝေနေတဲ့ ကာလပေါ့။

ဦး(ဗိုလ်)သိန်းစိန်ရဲ့ မိန့်ခွန်းမှာပါတဲ့ ဗမာပြည်ကထွက်သွားသူတွေ ဗမာပြည်ကို ပြန်လာနိုင်ပါတယ်ဆိုတာရော၊ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်းရေးမှူး နာမည်နဲ့ထုတ်တဲ့ "ငြိမ်းချမ်းရေးဆွေးနွေးရန်ဖိတ်ခေါ်ခြင်း"ဆိုတာကိုရောပါ ဘယ်သူကမှ (လက်နက်ချ ချင်သူကလွဲရင်) အလေးအနက်ထားတာ၊ ယုံကြည်တာမရှိပေမယ့် တက်ကာစကြံ့ဖွံ့တ်အစိုးရဟာတယ်လဲ ခြေသွက်လှပါကလားလို့ ပြောစရာဖြစ်နေပါတယ်။ အခုကာလကို ဗမာပြည်နိုင်ငံရေးမှာ ကြံ့ဖွံ့တ်အစိုးရသစ်က နိုင်ငံရေးထိုးစစ်တွေဆင် စဆင်တဲ့ ကာလလို့ဆိုရင် ရမယ်ထင်ပါတယ်။

အစိုးရ "အသစ်" တရပ် ပေါ်ပေါက်လာလို့ လေးလလောက်ကာလပိုင်းအတွင်းမှာ ဒါလောက်များပြားတဲ့ ခြေလှမ်းတွေ၊ ဒါလောက်မျက်စေ့လည်စရာကောင်းတဲ့ ပရိယာယ်တွေကို တခုပြီးတခု အခုလိုဆက်တိုက် ဖော်ထုတ်လာတာကိုတွေ့ရတော့ ဒါတွေဟာ ဒီအစိုးရမပေါ်ပေါက်မီကထဲက စီမံကိန်းချ ပြင်ဆင်ထားတာလေလား၊ ဗိုလ်သန်းရွှေတို့ရဲ့ ရွှေဉာဏ်တော်များလား၊ မစဉ်းစားပဲ မနေနိုင်ပါဘူး။ တစက်ကလေးမှ သတင်းမပေါက်ပဲ ခြေလှမ်းတမျိုးပြီး တမျိုးလုပ်လာတာတွေကို တွေ့တော့ နဝတ-နအဖခေတ်များက လုပ်နည်းတွေကိုလည်း သတိရစေပါတယ်။ တဆက်ထဲမှာပဲ တခြားဘာတွေ လုပ်လာဦးမှာလဲ၊ ဒီလို စီမံပြင်ဆင်ပြီးတာတွေ ရှိနေတော့ အခုလုပ်နေတဲ့ အလုပ်ရုံတို့၊ ရှင်းလင်းပွဲတို့မှာပြောကြတဲ့ အစိုးရမဟုတ်သူတွေရဲ့ အမြင်တွေကို ဘယ်လောက်အထိ လက်ခံစဉ်းစားမှာလဲဆိုတာ တွေးတောစရာဖြစ်လာပါတယ်။

ဒီနေရာမှာ နဝတ-နအဖတို့နဲ့ ဒီနေ့ကြံ့ဖွံ့တ်အစိုးရတို့အကြား မတူညီတာတချို့ကို ထောက်ပြဖို့လိုတယ်ထင်ပါတယ်။ နဝတ-နအဖစစ်အစိုးရတွေ အာဏာယူထားတဲ့အချိန်မှာ ရစ်လေးလုံးအရေးတော်ပုံကြီးရဲ့ အရှိန်က ရှိနေပါတယ်။ ပြည်တွင်းပြည်ပ အနေနေရာရာမှာ အပြတ်ဆန့်ကျင်တာခံနေရပါတယ်။ သူတို့ကိုယ်တိုင်က အာဏာသိမ်းအစိုးရဖြစ်နေပါတယ်။ သူတို့အဖို့ ပြဿနာရယ်လို့ ပေါ်လာရင် အချိန်ဆွဲမနေနိုင်ပါဘူး။ ကြမ်းတန်ကြမ်း၊ ရမ်းတန်ရမ်း၊ ချက်ချင်း လက်ငင်းအရေးယူရပါတယ်၊ ကိုယ့်အရိပ်ကိုယ်တောင် လန့်နေရတာမို့ (ဗိုလ်စောမောင်၊ ဗိုလ်ခင်ညွန့်အပါ အဲဒီကာလအတွင်း သူတို့အချင်းချင်း အရေးယူခဲ့ရတာတွေ နည်းသမို့လား) အခု(ဦး)ဗိုလ်သိန်းစိန် အစိုးရ လုပ်သလို သဏ္ဍာန်အရ ဟန်ပြတွေကိုတောင် မလုပ်ဝံ့ပါဘူး။

ဒီကြံ့ဖွံ့တ်အစိုးရကျတော့ သူတို့က အာဏာသိမ်းအစိုးရမဟုတ်ဘူးလို့ ပြောလို့ ရသလိုဖြစ်နေပါတယ်။ နောက်ပြီး အနောက်နိုင်ငံတွေဘက်ဆီကလည်းမျက်ရိပ်ပြသူကပြဖြစ်နေပါတယ်၊ ဗမာပြည်က ၁၉၈၈ ခုနှစ်အရေးတော်ပုံ နောက်ပိုင်းစစ်အစိုးရတွေအဖို့ ဒီနေ့ဟာ အနောက်နိုင်ငံတွေနဲ့ အနီးစပ်ဆုံးအခြေအနေလို့ ပြောရင်ရပါတယ်။ ဒါ့အပြင် အာဆီယံဥက္ကဋ္ဌနေရာလို မက်လုံးတွေကလည်းရှိနေတော့ ကြံ့ဖွံ့တ်အစိုးရအနေနဲ့ ဘာမှမရလည်း အရင်းမို့ စွန့်စားရကျိုးနပ်သလိုဖြစ်နေပြီး အခုဒီကိစ္စတွေကို လုပ်တော့တာဖြစ်ပါတယ်။

ဒါဖြင့် ဒီသတ္တိတွေကို သူတို့ ဘယ်ကရနေတာလဲ။ အင်မတန်ရှင်းပါတယ်။ သူတို့နောက်မှာ စစ်တပ်ရှိနေတယ်၊ စစ်တပ်ဟာ သူတို့ရဲ့စစ်တပ်ပဲ။ စစ်တပ်နဲ့သူတို့ဟာ တသားတည်းရှိနေတယ်ဆိုတဲ့အာမခံချက်ရှိနေတာက တကြောင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကြီးကလည်း အာမခံချက်ပေးထားတယ်ဆိုတဲ့ အကြောင်းတွေကြောင့်ဖြစ်ပါတယ်။ သူတို့ ဒီနေ့လှမ်းနေတဲ့ ခြေလှမ်းမှန်သမျှကို ဒီ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်ထဲက ထွက်မသွားအောင်လှမ်းနေတာချည့်ဖြစ်တယ်ဆိုတာကို သတိထားသင့်ပါတယ်။

နောက်တချက်က သူတို့ အနေနဲ့ ဘယ်သူ၊ ဘယ်အဖွဲ့အစည်းနဲ့ဆက်ဆံဆက်ဆံ ဒီ ၂၀၀၈ ဖွဲ့စည်းပုံဘောင်ထဲကို ဆွဲသွင်းဖို့လုပ်နေတယ်ဆိုတာဖြစ်ပါတယ်။ လက်နက်ကိုင် အင်အားစုတွေနဲ့ စကားပြောရင်တောင် ဒီဘောင်ထဲကို အတင်းဆွဲသွင်းပြောနေတာကို သတိထားမိကြမှာပါ။ (ဦး)ဗိုလ်သိန်းစိန်- ကြံ့ဖွံ့တ်အစိုးရရဲ့ဒီမိုကရေစီဆိုတာ ဒီဘောင်ထဲမှာပဲဖြစ်ပါတယ်။

ဒီတော့ သူတို့အနေနဲ့ အခုအခါမှာ ဒီဘောင်ထဲမှာ အပျော့ဆွဲဆွဲတာ၊ ကြောင်ချေးလို ပြောတာတွေ လုပ်နိုင်နေပါတယ်။ တချို့ကိစ္စတွေမှာဆိုရင် သူတို့အဖို့ အချိန်ဆွဲနိုင်လေ၊ အပျော့ဆွဲနိုင်လေအကျိုးရှိတာတွေတောင် တွေ့လာရပါတယ်။ တပါထဲမှာ သူတို့နဲ့မတူတဲ့ နိုင်ငံရေး အင်အားစုတွေကို ထန်းလျက်လုံး ခွေးလျက်သလို လုံးပါးပါးသွားအောင်လည်း လုပ်နေပါတယ်။ ခြိမ်းခြောက်တဲ့ အချိန်မှာခြိမ်းခြောက်လိုက်၊ အကြိုက်ပြတဲ့အချိန်မှာ အကြိုက်ပြလိုက်၊ သူတို့စိတ်ကြိုက်ကစားလို့ ရသလို ဖြစ်နေပါတယ်။

ဒီနေရာမှာ တချို့က 'ဒင်းတို့ ဒီလိုမလုပ်လဲ မရဘူးလား' လို့ မေးကောင်းမေးပါတယ်။ မရဘူးမဟုတ်ပါဘူး။ အာဏာကို ထိန်းထားရုံကတော့ရပါတယ်။ ဒါပေမယ့် ပြဿနာက သူတို့ရဲ့ အရင်းအနှီးတွေပါ။ ကနေ့ ဗမာပြည်က စစ်အာဏာရှင်တွေကို ကြည့်ရင် သေနတ်ကိုင်ထားတဲ့ လူဆိုးတွေပဲလို့မြင်ရင် အကုန်မမြင်နိုင်သေးဘူးလို့ပြောရပါမယ်။ သူတို့ရဲ့လက်ထဲမှာ သေနတ်သာရှိတာမဟုတ်ပါဘူး။ ငွေတွေလည်းအများကြီးရှိနေပါတယ်။ ငွေဆိုတာမပြတ်ပွားနေဖို့လိုတာပါ။ အဲဒီလိုတိုးပွားရေးနဲ့ နဂိုသူတို့ရဲ့အာဏာယန္တရားဟာ ပဋိပက္ခဖြစ်လာနေပါတယ်။ ဒါကို သူတို့ထဲက လူတွေက မကျေနပ်တာတွေ များသထက်များလာနေပါတယ်။ သူတို့ချင်း တောင်ကျရေ နွားနှစ်ကောင် မဝသလိုဖြစ်တာတွေ များသထက် များလာနေတော့ ပြည်ပကို တံခါးဖွင့်ဖို့ ကြိုးစားပမ်းစား လုပ်ရပါတော့တယ်။ **စာမျက်နှာ ၁၀ သို့**

# အစိုးရကို စမ်းသပ်သော နိုင်ငံရေး လှုပ်ရှားမှု လုပ်မည်ဟု ဗကသပြောဆို

**Mizzima | ဩဂုတ်လ ၂၉ ။** ။ မြေအောက်လှုပ်ရှားနေသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဗကသအဖွဲ့က အစိုးရကို စမ်းသပ်သော နိုင်ငံရေးလှုပ်ရှားမှုတခုကို မကြာမီရက်ပိုင်းအတွင်း လုပ်ဆောင်သွားမည်ဟု အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ကိုဟန်ဝင်း အောင်က ပြောသည်။

ဗကသ အဖွဲ့ချုပ်ကို ပြန်လည် ဖွဲ့စည်းခဲ့သည့် ၄ နှစ်ပြည့်မြောက်ဖြစ်သော ဩဂုတ် ၂၈ ရက်နေ့က ဒီမိုကရေစီ လိုလားသော ကျောင်းသားတက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးအကျဉ်းသား မိသားစုဝင် ၆၀ ကျော်တို့၏ တွေ့ဆုံဆွေးနွေးမှုတခုမှသည် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမှုများပြုနေသော သမ္မတဦးသိန်းစိန်အစိုးရက မည်သို့တုံ့ပြန်မည်ကို သိရှိလိုသဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဆိုသည်။ မည်သို့သော လုပ်ဆောင်မှုမျိုး ဖြစ်မှာလည်းဆိုခြင်းကို ထုတ်ဖော်ပြောဆိုခြင်း မပြုပါ။

"ဒီလိုလှုပ်ရှားမှုကို အစိုးရက ဘယ်လိုတုံ့ပြန်လာမလဲ၊ သွေးတိုးစမ်းကြည့်အစိုးရကို စမ်းသပ်သော နိုင်ငံရေးလှုပ်ရှားမှု တခုကို မကြာမီရက်ပိုင်းအတွင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က လုပ်ဆောင်ရန်ရှိတာပေ့ါ။ အစိုးရက ဒါကို ဘယ်လို လုပ်လာနိုင်မလဲ။ အဲဒီလိုခေါင်းဆောင်နှစ်ယောက် ပြေလည်မှု သက်သက်လား၊ အဖွဲ့အစည်းရဲ့ပြေလည်မှု သက်သက်လား၊ ပြည်သူလူထုအပေါ် တကယ်အကျိုးသက်ရောက်မှုရှိတဲ့ အဆင့်လားဆိုတာကို ကျနော်တို့နည်း၊ ကျနော်တို့ဟန်နဲ့ အဖြေထုတ်တဲ့ ပွဲတပွဲလည်းဖြစ်တယ်"ဟု ကိုဟန်ဝင်းအောင်က ပြောသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်ကို တရားဝင် အဖွဲ့အစည်းအဖြစ် ပြန်လည်ပေါ်ပေါက်လာအောင်ကျောင်းသား များက လိုလားလျက်ရှိနေသည်။

"ဗကသဆိုတာက သမိုင်းဆိုင်ရာ အဖွဲ့အစည်းတခုဖြစ်ခဲ့တယ်။ လှုပ်ရှားဆောင်ရွက်မှုတွေကို လူထုကြားထဲမှာ ကိုယ့်ရဲ့ ယုံကြည်မှုနဲ့ ကိုယ့်ရဲ့တရားဝင်မှုကို ပီပီပြင်ပြင် ဆောင်ရွက်သွားဖို့ လုပ်ရှားမှုရဲ့ အစပါ။ တရားဝင်ပုံစံ မဟုတ်ဘဲ လှုပ်ရှားမှုတွေကို လူထုကြားထဲမှာ ကျောင်းသားထုကြားထဲမှာ ပီပီပြင်ပြင် လုပ်ခြင်းအားဖြင့် မိမိရဲ့ အဆင့်နဲ့ နေရာကို ပြန်လည်ရယူတဲ့ပုံစံ သွားချင်တယ်"ဟု ကိုဟန်ဝင်းအောင်က ပြောသည်။

တနင်္ဂနွေနေ့က ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဂျပန်လမ်းမှတ်တိုင်ရှိ ဗကသကျောင်းသူ မဖြိုးဖြိုးအောင်၏ နေအိမ်တွင် အာဏာပိုင်များထံမှ ခွင့်တောင်းခြင်းမရှိသော စုံစည်းမှု ပြုလုပ်ပြီး "ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးခွန်အားဖြစ်စေမည့်လှုပ်ရှားမှု"ခေါင်းစဉ်ဖြင့် နိုင်ငံရေးအကျဉ်းသား မိသားစုဝင်များကသူတို့၏ သားသမီးများ အပေါ်ထားရှိသည့် သဘောထားနှင့် လက်ရှိအခြေအနေများကို တဦးချင်းဆွေးနွေးခဲ့သည်ဟု သိရသည်။

အင်္ဂလိပ် ကိုလိုနီလက်အောက်ဖြစ်ဆဲ မေလ ၈ ရက်နေ့၊ ၁၉၃၆ ခုနှစ်တွင် ကျောင်းသားများသမဂ္ဂကို တရားဝင် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် နိုင်ငံတဝန်းကျောင်းသားထုအား ကိုယ်စားပြုမည့် ဗကသအဖွဲ့ချုပ်အဖြစ် အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီက တိုင်းပြည်အာဏာကို သိမ်းပိုက်ပြီးနောက် ၁၉၆၂ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့အရောက်တွင် တက္ကသိုလ်ကျောင်းသား၏ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများကို ပစ်ခတ်နှိမ်နင်းခဲ့ပြီး နောက်တနေ့တွင် ကျောင်းသားသမဂ္ဂအဆောက်အဦးကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးပစ်ခဲ့သည်။

လက်ရှိထောင်ဒဏ် ၆၅ နှစ်ကျခံနေရသော ကိုမင်းကိုနိုင်၊ ကိုကိုကြီးအစရှိသော ကျောင်းသားခေါင်းဆောင်များ ဦးဆောင်မှုဖြင့် ၁၉၈၈ လူထုအုံကြွမှုအတွင်း ဗကသမှာ နိုးကြားတက်ကြွလာခဲ့သည်။ သို့သော် စစ်တပ်က တကျော့ပြန် အာဏာသိမ်းပြီးနောက်ကျောင်းသားခေါင်းဆောင် အများအပြား ထောင်ကျသူကျ၊ ပြည်ပနိုင်ငံများသို့ ထွက်ပြေးသူများနှင့် တိမ်းရှောင်နေရသူများဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် မျိုးဆက်သစ်ကျောင်းသားများက ဗကသပြန်လည်ဖွဲ့စည်းခဲ့ရာ ကိုကျော်ကိုကို ပါဝင်ဦးဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ကိုကျော်ကိုကိုအဖမ်းခံရပြီး ဗကသကို တရားမဝင်ဖွဲ့စည်းမှု အပါအဝင် စုစုပေါင်း ထောင်ဒဏ် ၈ နှစ်ချမှတ်ခံရသည်။

# ကလေးစစ်သားပြန်ခေါ်ဖို့ ILO တိုင်ကြား

**RFA | ဩဂုတ်လ ၂၉ ။** ။ ဘိုကလေးမြို့က အသက် ၁၆ နှစ်အရွယ် မောင်ကျော်နိုင်ဝင်းဟာ စစ်သားအဖြစ် စုဆောင်းခံထားရပြီး ဖောင်ကြီး လေ့ကျင့်ရေးကျောင်းမှာ ရောက်ရှိနေတဲ့အတွက် မိသားစုက ပြန်လည်ခေါ်ယူလိုကြောင်း ဒီကနေ့ ပြောဆိုလိုက်ပါတယ်။

ဘိုကလေးမြို့ (၈) ရပ်ကွက်၊ ယုဇနလမ်းနေ ဦးလှသိန်း၊ ဒေါ်လှဲ့လှဲ့ တို့ရဲ့သားဖြစ်သူ မောင်ကျော်နိုင်ဝင်းဟာ ပြီးခဲ့တဲ့ ဖွန်လ အတွင်းက နေအိမ်ကနေ ပျောက်သွားခဲ့ပြီး အခုဩဂုတ်လဆန်းပိုင်းမှာမှ မိသားစုနဲ့ ပြန်လည် အဆက်အသွယ်ရခဲ့ပါတယ်။

အခုအခါ ဖောင်ကြီး လေ့ကျင့်ရေးတပ်ခွဲ (၃) မှာ ရောက်ရှိနေပြီး သင်တန်းသားအမှတ် (၂၃၃)၊ ကိုယ်ပိုင်အမှတ် (၄၅၄ ၁၆၀) နဲ့ စစ်သင်တန်းတက်နေရကြောင်း သိရှိရပါတယ်။ ပြီးခဲ့တဲ့ရက်ကတယ်လီဖုန်းနဲ့စကားပြောခွင့်ရခဲ့တဲ့ အကိုဖြစ်သူကိုလှမျိုးဝင်းကအခုလိုပြောပါတယ်။"အကိုကြီး ခေါ်လို့ရင် လာခေါ်ပါတဲ့။ သူ အဲဒီထဲမှာနေရတာ မပျော်ဘူးတဲ့"

မောင်ကျော်နိုင်ဝင်းရောက်ရှိနေတဲ့ စစ်တပ်က တာဝန်ရှိသူတွေကို အကြောင်းကြားနိုင်ဖို့ ဒီကနေ့ တနင်္လာနေ့မှာပဲ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကွန်ရက် HRDP ရဲ့ အကူအညီနဲ့ ILO ကို ဆက်သွယ်အကြောင်းကြားခဲ့တယ်လို့မိသားစုက ပြောပါတယ်။သက်ဆိုင်ရာ စစ်ဘက်တာဝန်ရှိသူတွေကို နယ်မြေခံရဲတပ်ဖွဲ့နဲ့စစ်ဘက်တာဝန်ရှိသူတွေကနေတဆင့် အကြောင်းကြားသွားမှာဖြစ်ကြောင်း HRDP လူ့ အခွင့်အရေးမြှင့်တင်သူများကွန်ရက်က ဦးစောဘန် ကူးကပြောပြပါတယ်။

ဘိုကလေးဒေသတွင်း နာဂစ်မုန်တိုင်းအပြီး လယ်ယာနဲ့စီးပွားရေးလုပ်ငန်းတွေမကောင်းတာက တကြောင်း၊ လူငယ်တွေအတွက်အလုပ်အကိုင်နဲ့မျှော်လင့်ချက်မရှိတာက တကြောင်းကြောင့်၊ ဆယ်ကျော်သက်အရွယ်လူငယ်တွေ နေရပ်စွန့်ခွာ ထွက်သွားတာ ပိုများလာနေပြီး ကလေးစစ်သားအဖြစ် စုဆောင်းခံရတာတွေလည်း အတော်များကြောင်း ဦးစောဘန်ကူးက ပြောဆိုပါတယ်။

# အာဏာပိုင်နှင့် လုပ်ငန်းရှင်များ အနိုင့်ထက်စီးနင်းပြုလျှင် DPM ကူညီမည်

**Mizzima ၊ ဩဂုတ်လ ၂၉ ။** ။ အာဏာပိုင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက အနိုင့်အထက် ပြုကျင့်မှုများရှိလျှင် တိုင်ကြားနိုင်ကြောင်းနှင့်ဒီမိုကရက်တစ်ပါတီ-မြန်မာက ကူညီဖြေရှင်းပေးသွားမည်ဟုအများပြည်သူတို့ကို ကမ်းလှမ်းလိုက်သည်။

လွှတ်တော်နှင့် ပြည်သူ့ဆက်သွယ်ရေး ကော်မတီတရပ်ကိုဖွဲ့စည်း၍ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၌ ဖိနှိပ်ခံရမှုရှိနေပါက လွှတ်တော်တွင်း တင်ပြသွားမှာဖြစ်သည်။ လက်ရှိတွင်ပင် လာရောက်တိုင်ကြားမှုပေါင်း ၆၀ ခန့်ရှိနေပြီဟု ရန်ကုန်တိုင်းဒေသ အမတ်ဒေါက်တာဒေါ်ညိုညိုသင်းကပြောသည်။

ရန်ကုန်တိုင်းတွင်းမှအများဆုံးတိုင်ကြားကြပြီးလွှတ်တော်တွင်း အမတ်နေရာ ၃ နေရာရ အတိုက်အခံ ပါတီငယ်ဖြစ်သော ဒီမိုကရက်တစ်ပါတီ-မြန်မာ (DPM) သို့တိုင်ကြားမှု ၂၀ ရှိပြီး ကျန်အမှုများက ဒေါက်တာဒေါ်ညိုညိုသင်း အမတ်ဖြစ်လာကတည်းက တိုက်ရိုက်တိုင်ကြားမှုဖြစ်သည်။

ဒီမိုကရက်တစ်ပါတီ-မြန်မာက အာဏာပိုင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက အနိုင့်အထက် ပြုကျင့်မှုများရှိလျှင် ကူညီဖြေရှင်းပေးသွားမည်ဟု အများပြည်သူတို့ကို ကမ်းလှမ်း၊ ဇူလိုင် ၉ ရက်တွင်မန္တလေးတိုင်း၌ ရုံးခန်းဖွင့်လှစ်ခဲ့သည်။

" ဘယ်လောက်ပဲ ကျမတို့အတွက် သေးငယ်တဲ့ ကိစ္စပဲဖြစ်ပေမယ့် ပြည်သူက သူတို့ ကိုယ်တိုင်ခံစားရတာကိုး။ ခံစားရတဲ့ဆိုတဲ့ အခါကျတော့ သူတို့အတွက်ကတော့ တကယ့်ဒုက္ခကြီးပဲ" ဟု ဒေါက်တာဒေါ်ညိုညိုသင်းက မဇ္ဈိမကိုပြောသည်။

လယ်ယာမြေ၊ အိမ်ရှင်အိမ်ငှား၊ ကလေးစစ်သား စုဆောင်းခံရမှု၊ လူကုန်ကူးခံရမှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု တိုင်ကြားသော်လည်း အမှုမဖွင့်ပေးခြင်း၊ တရားစီရင်ရာတွင် ဥပဒေပါအတိုင်း တရားစီရင်မှုမရှိခြင်းကိစ္စများဖြစ်ကြသည်ဟု ဆိုသည်။ လွှတ်တော်နှင့် ပြည်သူ့ဆက်သွယ်ရေးကော်မတီကို ရွေးကောက်ခံအမတ်များနှင့် ပါတီအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကာအလုပ်အမှုဆောင်အဖွဲ့မှ ဦးအောင်သန်းမြင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးအဖွဲ့ဝင် ၈ ဦးပါရှိသည်။

"သက်ဆိုင်ရာ၊ သက်ဆိုင်ရာတွေနဲ့...တိုင်တယ်။ အဲဒါတွေမှာ အကြောင်းမထူးတဲ့အခါကျတော့ ကျနော်တို့ပါ ဝိုင်းကူပေးဖို့ လာပြီးတော့ တင်ပြတာတွေ ရှိတာပေါ့" ဟု ပါတီဥက္ကဋ္ဌဦးသုဝေကဆိုသည်။

ဇူလိုင်လအတွင်း ဖွဲ့စည်းခဲ့သည့် ကော်မတီရုံးခန်းကို ရန်ကုန်ရှိပါတီဗဟိုဌာနချုပ်တွင်သာ ဖွင့်လှစ်ထားရှိပြီး ရန်ပုံငွေအတွက်ကော်မီဝင်များက အကုန်အကျခံခြင်းဖြစ်သည်။ မန္တလေးမြို့၌မူ ကော်မတီမဖွဲ့စည်းထားသော်လည်း တိုင်ကြားလာမှုများကို ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

"ကျမတို့ လိုက်ဆောင်ရွက်ပေးတဲ့ ကိစ္စ၊ ပြည်သူလူထုကလည်း တော်တော်ဆင်းရဲကြတယ်။ ရုံးကို ဆိုရင် လမ်းလျှောက်ပြီး လာတဲ့သူနဲ့၊ အိတ်ထဲမှာ ၅၀ တန် ၃ ရွက်ပဲ ရှိတဲ့သူတွေ။ သူတို့က ဒီအာဏာပိုင်ကို သူတို့မှာ Challenge လုပ်ဖို့ သူတို့မှာ လုံးဝ မတတ်နိုင်တဲ့ အနေအထား" ဟု ဒေါက်တာ ဒေါ်ညိုညိုသင်းက ပြောဆိုသည်။

တိုင်ကြားလိုသော အမှုနှင့်ပတ်သက်၍ ပါတီရုံးသို့ တင်ပြရာတွင် အထောက်အထားပြည့်ပြည့်စုံစုံနှင့် တင်ပြရန်လိုပြီး ကော်မတီမှ စုံစမ်း၍မှန်ကန်မှသာလျှင် လိုက်ပါဆောင်ရွက်ပေးမည်ဖြစ်သည်။ ကော်မတီဝင်များအနေဖြင့် တိုင်းဒေသကြီး လွှတ်တော်၌သာ ကိုယ်စားလှယ်နေရာတချို့ရရှိထားသည့်အတွက်အမျိုးသားနှင့်ပြည်သူ့လွှတ်တော်သို့ တင်သွင်းသင့်သည့်မေးခွန်းများ၊ အဆိုများကို ညီနောင်ဖွဲ့ထားသည့် ဒီမိုကရေစီမိတ်ဆွေများ ပါတီအဖွဲ့ဝင်များမှတဆင့် တင်ပြသွားမည်ဖြစ်သည်။

"ဥပဒေကြမ်း တင်စရာရှိလည်း တင်ဖို့ဆိုပြီးတော့ အဲဒီတင်ပေးနိုင်မယ့် ပါတီရဲ့ကိုယ်စားလှယ်တွေကို လွှဲပေးလိုက်တာပေါ့နော်။ အကယ်၍ လွှတ်တော်မှာ လွှတ်တော်ဥက္ကဋ္ဌတို့၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့စီ တိုက်ရိုက်သွားပြောပေးစရာရှိရင်လည်း တိုက်ရိုက်သွားပြောပေးတာပေါ့" ဟု ပါတီဥက္ကဋ္ဌ ဦးသုဝေက ပြောဆိုသည်။

လက်ရှိကျင်းပနေသည့် လွှတ်တော် အစည်းအဝေးတွင်လည်း အဆိုနှစ်ခုကို တင်ပြရန်အတွက် ဆောင်ရွက်ထားပြီးဖြစ်ကာ တိုင်းဒေသကြီးလွှတ်တော်များ ကျင်းပပါကလည်း တင်ပြရန်အတွက် အဆိုပြုချက်နှင့် မေးမြန်းချက် ၅ ခုရှိနေပြီ ဖြစ်သည်ဟု ကော်မတီဝင်များထံမှ သိရသည်။ သို့သော် မည်သည့်ကိစ္စရပ်များ ဖြစ်သည်ကိုမူ ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။

# သက်မွေးဝမ်းကျောင်း အဖွဲ့ချုပ်ကူညီ

**RFA ၊ ဩဂုတ်လ ၃၁ ။** ။ နိုင်ငံရေးယုံကြည်ချက်ကြောင့်အစိုးရက ဖမ်းဆီးထောင်ချတာခံရပြီး ပြန်လည် လွတ်လာကြသူတွေအနေနဲ့ မိမိတို့ နဂိုမူလ သက်မွေးဝမ်းကျောင်းမှုကို ပြန်လုပ်ခွင့်ရအောင် NLD ပါတီက ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားမယ်လို့ သိရှိရပါတယ်။

အဲဒီကိစ္စကို ရှေ့လာမယ့် အပတ်အတွင်း သတင်းစာရှင်းလင်းပွဲလုပ်သွားမယ်လို့ NLD ပါတီ ဒုဥက္ကဋ္ဌဦးတင်ဦးက ပြောပါတယ်။

"ကျနော်တို့ NLD က တရားရုံး ရှေ့နေတို့၊ ဆရာဝန်၊ကျောင်းဆရာ ဆရာမတို့၊ အနုပညာရှင်တို့၊ စာရေးဆရာ သတင်းစာဆရာတို့၊ ဝန်ထမ်းတို့၊ သူတို့က နိုင်ငံရေးယုံကြည်မှုပေါ်မှာ မူတည်ပြီးပြစ်ဒဏ်ကျခံရတယ်ဗျာ။ သူတို့ ပြန်လွတ်လာတော့ လိုင်စင်တွေသိမ်းတယ် လုပ်ခွင့်မပေးဘူးဆိုတော့ သူတို့ကို ထပ်မံပြစ်ဒဏ်ပေးရာကျတာပေါ့ဗျာ။ပြစ်ဒဏ်ကလည်းခံပြီးပြီလေ။သူတို့သက်မွေးဝမ်းကျောင်းကတော့ သူတို့ ပြန်လုပ်စားရမှာပေါ့။ သူတို့ကို တရားဥပဒေနဲ့အညီ ရခွင့်ရပိုင်ခွင့် ကုစားခံပိုင်ခွင့် ဒါကို ကျနော်တို့က လုပ်ချင်တာပါ။"

NLD ပါတီက အခုကူညီသွားမယ့် အစီအစဉ်ဟာ NLD ပါတီဝင်တွေ သာမက အခြားသောနိုင်ငံရေး လှုပ်ရှားသူတွေ အတွက်လည်း ပါဝင်ကြောင်း ဦးတင်ဦးက ပြောပါတယ်။

နိုင်ငံရေး ယုံကြည်ချက်ကြောင့် လှုပ်ရှားရင်း အစိုးရက လိုင်စင်ရုပ်သိမ်းခဲ့တဲ့ ရှေ့နေအနည်းဆုံး (၂၅) ဦးရှိပြီး ဆရာဝန်တွေ အဆိုတော်တွေ သတင်းစာဆရာတွေလည်း ပါဝင်တယ်လို့ သိရပါတယ်။




**ဩဂုတ် ၂၇ I The Telegraph II II** အောက်လွှတ်တော်သည် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန်တောင်းဆိုသည့်အဆိုကို တင်သွင်းကြောင်း မြန်မာ့အလင်း သတင်းစာမှ ဖော်ပြ၏။

**ဩဂုတ် ၂၇ I Asian Correspondent II II** မြန်မာသည် ကုလလူ့အခွင့်အရေးအရာရှိ၏ ကင်တားနား၏စကားကို တကယ်ပဲ လိုက်နာမည်လောဟု ဇင်လင်းမှ သတင်းဝေဖန်၏။

**ဩဂုတ် ၂၇ I Asian Correspondent II II** နှစ်ဖက်ညှိနှိုင်းမှုများ အကျိုးသက်ရောက်မှုမရှိသေးဘဲ၊ ကချင်ပြည်နယ်တွင် စစ်ဆက်လက်ဖြစ်နေ၏။

**ဩဂုတ် ၂၉ I The Nation II II** မြန်မတွင် တရုပ်–မြန်မာရထားလမ်း ဒီဇင်ဘာတွင်စတင်ဆောက်မည်။

**ဩဂုတ် ၂၉ I Nation II II** နိုင်ငံသားသက်သေခံကိစ္စပြီးစီးသော မိမိတို့အလုပ်တွင်ရှိ နိုင်ငံခြားလုပ်သားများ အမြန်ဆုံးမှတ်ပုံတင်ရန် လူမှုလုံခြုံရေးရုံး SSO မှဆို၏။

**ဩဂုတ် ၂၉ I BP II II** ဒိန်းမတ်နိုင်ငံသူ ရုပ်ရှင်ထုတ်လုပ်သူ Anne Gyrithe Bonne ၏ဒေါ်အောင်ဆန်းးစုကြည်၏ ဘဝသရုပ်ဖော်ရုပ်ရှင် Lady of no Fear ကို စက်တင်ဘာ ၆ တွင် ဘန်ကောက် နိုင်ငံခြားသတင်းထောက်ကလပ်တွင် ပြသမည်။

**ဩဂုတ် ၂၉ I The Standard II II** အပြည်ပြည်ဆိုင်ရာရောမရုပ်ရှင်ပွဲတော်ဖွင့်ပွဲအဖြစ် Luc Bessons ရိုက်ကူးသည့် ဒေါ်အောင်ဆန်းစုကြည်ဘဝသရုပ်ဖော် The Lady ရုပ်ရှင်ပြသမည်။

**ဩဂုတ် ၂၉ I IRIN II II** ခြိမ်းခြောက်သူအဖြစ်ငှားရမ်းမည်ဆိုကာ ပင်လယ်တွင် ထိုင်းတံငါကျွန်အဖြစ် ရောင်းစားခံရသူမြန်မာမှ နယ်ရွှေ့လုပ်သားများ ရင်နာဖွယ် ဘဝဆုံး ဘဝနစ်အဖြစ်များရှိနေကြောင်း။

**ဩဂုတ် ၂၉ I Daily Star II II** ဘင်္ဂလာဒေ့ရှ်နှင့် မြန်မာအကြားနယ်မြေပိုင်ဆိုင်မှုပဋိပက္ခကို စက်တင်ဘာ ၈ ဂျာမဏီနိုင်ငံ ဟမ်းဘာဂ်ကုလသမဂ္ဂတရားရုံးတွင် စတင်ကြားနာမည်။

**ဩဂုတ် ၂၉ I Irrawaddy II II** စစ်တပ်မှ အဖွဲ့ ၂ ဖွဲ့သည်လည်း နိုင်ငံရေးသမားများအား လွတ်ငြိမ်းချမ်းသာခွင့်ကို ထောက်ခံကြောင်း၊ ကြံ့ဖွံ့အချို့သည်လည်း သဘောတူဟန်ရှိသော်လည်း ကြံ့ဖွံ့သည် နိုင်ငံရေးအကျဉ်းသားများရှိသည် ဆိုသည့်အချက်ကို လက်ခံရန်လိုသည်။

**ဩဂုတ် ၂၉ I Irrawaddy IIII** အဘယ်ကြောင့် နယ်သိမ်းခံလယ်သမားများအရေးကူနေသနည်းဟူသော သတင်းဌာန၏အမေးကို လယ်သမားများ မိမိမျက်စေ့ ရှေ့တွင် ငတ်မွန်ခေါင်းပါးဖြစ်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရသဖြင့်ဖြစ်ကြောင်း ဦးရန်နိုင်အောင် (ခ) ရှေ့နေဖိုးဖြူမှဖြေကြား၏။

**ဩဂုတ် ၂၉ I Mizzima II II** အစိုးရ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများ၏ အလွဲသုံးစားလုပ်မှု ခံရသူများအား ဒီမိုကရက်တစ်ပါတီမြန်မာပြည်မှ ပြဿနာများဖြေရှင်း ရေးနှင့် ရုံးတင်ရေးတို့တွင် ကူညီမည်ဟုဆို၏။။

**ဩဂုတ် ၂၉ I Mizzima II II** နေမျိုးဇင်အား ဩဂုတ် ၂၆ ၌ ကင်တားနား မြန်မာတွင်ရှိနေစဉ်ပင် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခြင်းသည် မြန်မာတွင်အပြောင်းအလဲမ ရှိသည်ကိုပြနေကြောင်း အယ်ဒီတာအာဘော်မှဆို၏။

**ဩဂုတ် ၂၉ I Mizzima II II** သံဖြူဇရပ် ရဲစခန်းအား လက်နက်ကိုင်လူ ၂ ဦးသည် ၄၀ မမ ဒုံးကြည်ဖြင့် ပစ်ခတ်ခဲ့ကြောင်း။ ထိခိုက်မှုမရှိကြောင်း။

**ဩဂုတ် ၂၉ I DVB II II** မြန်မာစစ်တပ်အား ပူးပေါင်းတွန်းလှန်ရန် ယခုလစောစောပိုင်းက ဒီကေဘီအေနှင့် ရှမ်းပြည်နယ်တပ်(တောင်ပိုင်း) တို့ဆွေးနွေးခဲ့၏။

**ဩဂုတ် ၃၀ I DVB II II** ထုတ်ကုန်မြတ်ရေးတွက် အစိုးရသည် တစ်ဒေါ်လာလျှင် ကျပ် ၉၀၀ တထောင်ခန့်နှုန်းထားရန် မှန်းနေကြောင်း ဩဂုနတ် ၂၈ တွင် ဆို၏။

**ဩဂုတ် ၃၀ I ABC RadioII II** မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေးကတိနှင့် လက်တွေ့အခြေအနေတို့သည် ဆန့်ကျင်နေကြောင်း ကုလ မြန်မာဆိုင်ရာ လူ့အခွင့် အရေးအထူးသုံးသပ်ရေး တင်ပြရေးအရာရှိ ကင်တားနားမှဆို၏။

**ဩဂုတ် ၃၀ I LONDON II II** နိုင်ငံမဲခြင်းလျှော့ပေါ့ရေး ၁၉၆၁ ညီလာခံ အနှစ် ၅၀ မြောက်နေ့တွင် နိုင်ငံမဲ့ ဒုက္ခသည်များသည်တသက်တာ ကမ္ဘာ့နောက်ကွယ်တွင် ကိုယ်ရောင်မထင်ဘဲ ဘဝဆက်နေရသလိုဖြစ် ကြောင်းဖြင့် Emma Batha ၏ ဆောင်းပါးမှတင်ပြ၏။

**ဩဂုတ် ၃၀ I Irrawaddy II II** ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပြီး ကမ္ဘာ့သတင်းလောကတွင် မြန်အစိုးရသည် နိုင်ငံရေးဆွေးနွေးပွဲများကို လာမည့်လများတွင် ပြုလုပ်ရန် စီစဉ်နေ၏။

**ဩဂုတ် ၃၀ I Irrawaddy II II** နိုင်ငံရေးဆွေးနွေးပွဲများသို့ ဖိတ်ခေါ်လျှင် ဒေါ်အောင်ဆန်းစုကြည်သည် တက်သင့်သည်ဟု မိမိထင်ကြောင်း ဦးဝင်းတင်မှဆို၏။

**ဩဂုတ် ၃၀ I Irrawaddy II II** ယုဇနကုမ္ပဏီသည် ငါးမွေးကန်လုပ်ငန်းအဖြစ်သုံးနိုင်ရန် ညောင်တုံးမှ လယ်များအသိမ်းခံရသော လယ်သမားများသည် မိမိတို့အမှု ကို ပါလီမန်သို့တင်ပြမည်။

**ဩဂုတ် ၃၀ I Irrawaddy II II** မြန်မာအစိုးရသည့် ပြည်သူပိုင်သိမ်း၍ ပုဂ္ဂလိကလုပ်ငန်းကြီးများသို့ ရောင်းချသည့်လယ်မြေဧက စုစုပေါင်း ၂၀၀၀၀ ခန့်ရှိကြောင်း Human Rights Foundation of Monland (HURFOM) မွန်လူ့အခွင့်မအရေးအဖွဲ့ မှဆို၏။

**ဩဂုတ် ၃၀ I Mizzima II II** အသစ်ပြန်လည်ဖွဲ့စည်းမည့် ABFSU ၏ နိုင်ငံရေးပါတီသည် အစိုးရသစ်၏ နိုင်ငံရေးသည်းခံမှုကို စမ်းရာကြမည်။

**ဩဂုတ် ၃၀ I Mizzima II II** ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏အကို ဦးအောင်ဆန်းဦးတို့ အမှုမကြာခင် စီရင်ချက်ချဖွယ်ရှိ၏။

**ဩဂုတ် ၃၀ I S.H.A.N II II** ဩဂုတ် ၁၈ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးအဆိုပြုချက်သည် အကြိုဆွေးနွေးပွဲများပြင်ဆင်မှုများကို ဖော်ပြထားခြင်းမရှိကြောင်းနှင့်အ နည်းဆုံးနိုင်ငံရေးရှုခင်းကို အာရုံပြုရှင်းလင်းသင့်ကြောင်းဖြင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီမှ ဗိုလ်မှူးကြီး စိုင်းထူးမှ ဆိုကြောင်း။

**စာမျက်နှာ ၁၃ သို့**

# စုံစမ်းရေးကော်မရှင် ဖွဲ့စည်းရေးဦးဆောင်ဖို့ ဗြိတိန်အစိုးရကို ပြည်သူတွေ စာပို့

**RFA ၊ ဩဂုတ်လ ၃၁ ။** ။ မြန်မာနိုင်ငံကို ကုလသမဂ္ဂစုံစမ်းရေးကော်မရှင် စေလွှတ်ရေးကိစ္စ ဦးဆောင်ဆွေးနွေးဖို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးကို ဗြိတိန်ပြည်သူ ငါးထောင်သုံးရာက စာရေးသားတောင်းဆိုလိုက်ကြပါတယ်။

ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်ကို ထောက်ခံကြောင်း ပို့စကဒ်၊ စာနှင့် လက်မှတ်ပေါင်း ၅၃၀၀ ကို နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့က Burma Campaign U.K အဖွဲ့ဝင်များ သွားရောက် ပေးပို့ခဲ့ကြသည်။ကုလသမဂ္ဂ စုံစမ်းရေးကော်မရှင်ကို ထောက်ခံကြောင်း ပို့စကဒ်နဲ့စာတွေ၊ လက်မှတ်တွေကို ဗြိတိန်ပြည်သူတွေထံက ပြီးခဲ့တဲ့ဇူလိုင် ဩဂုတ်လတွေအတွင်း Burma Campaign U.K အဖွဲ့က လိုက်လံကောက်ခံရရှိခဲ့တာဖြစ်တယ်လို့ Burma Campaign U.K အဖွဲ့ဝင် မဇိုယာဖန်းက ပြောပါတယ်။

မြန်မာပြည်အရေး ဆောင်ရွက်ပေးဖို့ ဗြိတိန်ပြည်သူတွေက သူ တို့ရဲ့ နိုင်ငံခြားရေးဝန်ကြီးထံကို ပို့စကပ်နဲ့စာတွေ ရေးသားပေးပို့တောင်းဆိုတာဖြစ်ကြောင်း၊ ကုလသမဂ္ဂကတဆင့် စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး မြန်မာနိုင်ငံမှာ အာဏာရှင်စစ်တပ်က ကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုနဲ့ လူသားတွေအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို အရေးယူပေးဖို့ ပြည်သူတွေက တောင်းဆိုတာဖြစ်တယ်လို့ သူကပြောပါတယ်။

ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးဌာနက William Hague ကိုယ်တိုင်ကလည်း ဒီ စုံစမ်းရေးကော်မရှင်ရှိဖို့ တကယ်လိုအပ်ကြောင်း ပြောဆိုထားတာ ရှိပြီး ဒါကို လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့ အတွက် ပြည်သူလူထုက တိုက်တွန်းတာလည်းဖြစ်တယ်လို့ မဇိုယာဖန်းက RFA ကို ပြောပါတယ်။

ရှေ့လာမယ့် အပတ်မှာ EU ဥရောပသမဂ္ဂ အဖွဲ့က မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ သဘောထားတရပ် ချမှတ်ဖို့ရှိပြီး၊ အဲဒီ ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံကို ကုလသမဂ္ဂစုံစမ်းရေးကော်မရှင် စေလွှတ်ရေးကိစ္စ ဗြိတိန်နိုင်ငံက ဦးဆောင်ဆွေးနွေးစေလိုတာကြောင့် ဗြိတိန် ပြည်သူတွေရဲ့ ထောက်ခံစာနဲ့ပို့စကဒ်တွေကို ဒီကနေ့မှာပဲ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနကို Burma Campaign U.K အဖွဲ့က သွားရောက်ပေးပို့ခဲ့ပါတယ်။

EU ဥရောပသမဂ္ဂအဖွဲ့ အနေနဲ့ မြန်မာနိုင်ငံဆိုင်ရာ သဘောထားတရပ် ချမှတ်ပြီးရင်တော့ လာမယ့် ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ တင်ပြသွားမယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံကို ကုလသမဂ္ဂစုံစမ်းရေးကော်မရှင် စေလွှတ်သင့်တယ်လို့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနားကလည်း ပြီးခဲ့တဲ့ မတ်လတုန်းက လူ့အခွင့်အရေးကောင်စီမှာ တင်ပြခဲ့ပါတယ်။

---

# သံဖြူဇရပ် မြို့နယ်ရဲစခန်းကို လောင်ချာနှင့် ပစ်ခတ်၊ ထိခိုက်သူမရှိ

**Mizzima ၊ ဩဂုတ်လ ၂၉ ။** ။ မွန်ပြည်နယ်တောင်ပိုင်း သံဖြူဇရပ်မြို့ပေါ်ရှိ မြို့နယ်ရဲစခန်းကို အမည်မသိ လက်နက်ကိုင်များက ပစ်ခတ်သဖြင့် ရဲစခန်းခြံစည်းရိုး ပျက်စီးခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း ယင်းစခန်းမှ အရာရှိတဦးက ပြောသည်။

ဩဂုတ်လ ၂၉ ရက်နေ့ မနက် ၁၀ နာရီ ၄၀ မိနစ်ခန့်က အရပ်ဝတ် ဝတ်ဆင်ထားသည့် ဆိုင်ကယ်စီး လက်နက်ကိုင် ၂ ဦး မုဒုံလမ်းကြောင်းဘက်မှ ဝင်လာကာ အောင်ဇေယျရပ်ကွက်ရှိ ရဲစခန်း ရှေ့အရောက်တွင် နောက်မှလိုက်လာသူက ၄၀ မမ လောင်ချာဖြင့် ပစ်ခတ်ပြီးနောက် ပင်ရွာအထွက်လမ်းဘက်သို့ မောင်းပြေးသွားသည်ဟု ရဲစခန်းက ပြောသည်။

"စခန်းရှေ့ကနေပြီး ဆိုင်ကယ်နောက်က ထိုင်တဲ့လူက ၄၀ မမနဲ့ ပစ်သွားတာ စခန်းကို မထိပဲ စည်းရိုးကို ထိသွားတာ စခန်းထဲက လူတွေကိုတော့ မထိပါဘူး" ဟု စခန်းတာဝန်ကျ အမည်မဖော်လိုသည့် ရဲအရာရှိ တဦးက မဇ္ဈိမကိုပြောသည်။

ပစ်ခတ်သူများက ကြက်သွေးရောင် Dream အမျိုးအစားဆိုင်ကယ်စီးနင်းလာခြင်းဖြစ်ပြီး ၎င်းတို့ကို ရဲတပ်ဖွဲ့များနှင့် အတူမြို့ပေါ်အခြေစိုက် ခလရ ၆၂ တပ်ဖွဲ့ဝင်များက ပိုက်စိပ်တိုက် လိုက်လံရှာဖွေနေကြသည်ဟုသူကဆက်ပြောသည်။ မည်သည့်အကြောင်းကြောင်း ကြောင့် စခန်းကို လာပစ်ခတ်သွားသည်ကို မခန့်မှန်းနိုင်သလို လာရောက်ပစ်ခတ်သွားသူများ မည်သည့်အဖွဲ့ကဖြစ်သည်ကိုလည်း သဲလွန်စမရှိသေးကြောင်း ရဲစခန်းက ပြောသည်။

သံဖြူဇရပ်မြို့နယ် ဝန်းကျင်တွင် လက်နက်ကိုင်အဖွဲ့များအနေဖြင့် ကရင်အမျိုးသားအစည်းအရုံး - KNU၊ မွန်ပြည်သစ်ပါတီ NMSP၊ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ - KPF နှင့် မွန်ပြည်သစ်ခွဲထွက် တပ်ဖွဲ့များ လှုပ်ရှားနေသည်။ ပြီးခဲ့သည့် ဖွန်လကုန်ပိုင်းကလည်း မြို့ပေါ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးအိမ်နှင့် စစ်ဖက်ထောက်လှမ်းရေး- စရဖရုံးအကြားတွင် အင်အားပြင်း ချိန်ကိုက်ဗုံး တလုံးပေါက်ကွဲခဲ့သည်။ ယင်းပေါက်ကွဲမှုတွင်လည်း အုပ်ချုပ်ရေးမှူး အိမ်ခြံစည်းရိုး အုတ်တံတိုင်း ပြိုကျသွားခဲ့ပြီး ဖောက်ခွဲသူကို ဖေါ်ထုတ်နိုင်ခြင်းမရှိသေးပေ။

ယင်းမတိုင်မီ မေလ ၁၄ ရက် နံနက် ၆ နာရီခွဲခန့်တွင် မည်သည့်အဖွဲ့အစည်းဟု မသိရသည့် လက်နက်ကိုင် ၅ ဦးက မုဒုံမြို့အနီး ကျုံဖိုက်ရွာရှိ အော်တိုအိပ်ချိန်းရုံးကို ပစ်ခတ်ဖောက်ခွဲခဲ့ရာမှ လုံခြုံရေး ရဲသားတဦးနှင့် ရုံးဝန်ထမ်းအချို့ ဒဏ်ရာရရှိကာ CDMA ဖုန်းတာဝါတိုင်လည်း ပျက်စီးခဲ့သည်။

---

**စာမျက်နှာ ၆ မှ**

ဒီလိုလုပ်တဲ့အတွက် သူတို့မှာ အန္တရာယ် မရှိဘူးလားဆိုတော့ ရှိသလောက်ရှိတာပဲလို့ ပြောရမှာပါ။ ဒါပေမယ့် သူတို့မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာရဲ့ အာမခံချက်က ရှိနေပါတယ်။ အထူးသဖြင့် ဒီဖွဲ့စည်းပုံဥပဒေ " အခန်း၁၁- အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ"မှာပါတဲ့ ဒီစာပိုဒ်ပါ- ၄၁၈(က) "နိုင်ငံတော် သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန် ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုနိုင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်းကြေညာရမည်" ဆိုတဲ့ အာဏာသိမ်းခွင့် လိုင်စင်ပေးထားတဲ့ အချက်ပါပဲ။



# သတင်းတိုထွာဖတ်စရာ

## ဒေါ်လာ သန်း ၇၀၀ တန်ကန်ထရိုက်

မြန်မာနဲ့တရုတ် Wanbao ကုမ္ပဏီတို့ ဖက်စပ်လုပ်ကိုင်နေတဲ့ မုံရွာ ကြေးနီးစီမံကိန်းရဲ့ ဆောက်လုပ်ရေးလုပ်ငန်းများနဲ့ ထောက်ပံ့ရေးများလုပ်ကိုင်ရေးအတွက် ဒေါ်လာသန်း ၇၀၀ ကျော်ကန်ထရိုက်စာချုပ်ကို Norinco International ကုမ္ပဏီက ရရှိသွားပါတယ်။ ဒီကြေးနီးစီမံကိန်းကို ၂၀၁၀ ခုနှစ် စက်တင်ဘာက တရုတ်နဲ့မြန်မာပေါင်းစပ် ရှာဖွေတွေ့ရှိခဲ့တာဖြစ်တယ်လို့ သတင်းများက ဆိုပါတယ်။ ( Steel Guru , 31, August 2011)

## ဗိုလ်ချုပ်သန်းရွှေရဲ့ ဩဇာမညောင်းနိုင်

သမတဦးသိန်းစိန်ဟာ ဗိုလ်ချုပ်သန်းရွှေ၏ စိတ်ကြိုက်ရွေးချယ်ခန့်ထားသော သမတဖြစ်ပေမယ့် ဗိုလ်ချုပ်သန်းရွှေရဲ့ ဩဇာမညောင်းနိုင်ဟု မြန်မာ့နိုင်ငံရေးအကဲခတ်Richard Horsey ကသုံးသပ်ကြောင်း Andrew Marshall ကဆိုပါတယ်။ Mr.Horsey ဟာ ယခင်က ရန်ကုန်အခြေဆိုက်ဆိုင်ရာ ကုလအရာရှိဖြစ်ပါတယ်။ ဦးသိန်းစိန်ကို တောင်အာဖရိကနိုင်ငံမှ ငြိမ်းချမ်းရေးသမား F.W. de Klerk အဖြစ်၎င်း၊ ဒေါ်အောင်ဆန်းစုကြည်ကို Nelson Mandela အဖြစ်၎င်း Mr.Marshall က မဂ္ဂဇင်းကြီးမှာ နှိုင်းယှဉ်တင်စားရေးသားလိုက်ပါတယ်။ (Time Magazine, 31, August, 2011)

## ဖွင့်လိုက် ပိတ်လိုက်ပါလား

မြန်မာနိုင်ငံဟာ အင်တာနက်ဝက်ဘ်ဆိုက်တချို့ကို ပိတ်ထားတာကြာပါပြီ။ လွန်ခဲ့တဲ့ ရက်အနည်းက အဲဒီဝက်ဘ်ဆိုက်အားလုံး ဖွင့်လို့ရကြောင်း ပြည်တွင်းသတင်းတွေက ဆိုပါတယ်။ ဒါပေမယ့် ဖွင့်တာပဲ တရက် နှစ်ရက်ရှိသေးတယ် အခုပြန်ပိတ်သွားပြန်ပြီလို့ အင်တာနက်ကဖေးပိုင်ရှင်အဒေါ်ကြီးက ပြောပါတယ်။ အဲဒီဖွင့်တဲ့ တရက်နှစ်ရက်မှာ သူ့ဆိုင်ဝင်ငွေတော်တော်လေး ရရှိခဲ့ကြောင်းနဲ့ အမြဲတမ်းဖွင့်ထားသင့်တယ်လို့ အဒေါ်ကြီးကဆိုပါတယ်။( VOB , 2, September 2011)

## ကင်တာနားကို အေအိုင်ပီအမ်စီထောက်ခံ

မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးမှုနဲ့တာဝန်ယူမှုရှိကြောင်းပြသလိုပါက လူ့အခွင့်အရေးချိုးဖောက်နေမှုကိစ္စနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စတွေကို လုပ်ဆောင်ရမှာဖြစ်တယ်လို့ ကုလလူ့အခွင့်အရေးကိုယ်စားလှယ် Mr.Quintana ကပြောဆိုပါတယ်။

မြန်မာ့အရေးဆောင်ရွက်နေတဲ့အာရှပါလီမန်အမတ်များအဖွဲ့ AIPMC က Mr.Quintana ရဲ့ပြောဆိုချက်ကိုကြိုဆိုလိုက်ပြီး၊ ဥရောပနဲ့ အာဆီယံနိုင်ငံများကိုလည်း ပါဝင်ကူညီထောက်ခံကြဖို့ တောင်းဆိုလိုက်ပါတယ်။ ( Asian Tribune ,1, September 2011)

## ကိုကျော်သူနဲ့ ဦးသိန်းစိန်

လူမှုရေးလုပ်ငန်းများစောက်ချလုပ်နေတဲ့ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ရုပ်ရှင်မင်းသား အကယ်ဒမီ ကိုကျော်သူဟာ သူ သိပ်ကြိုက်တဲ့ အားပေးနှစ်သက်ခဲ့တဲ့ မင်းသားဖြစ်တယ်လို့ သမတကြီး ဦးသိန်းစိန်ကပြောပါတယ်။ တလောက နေပြည်တော် တွေ့ဆုံပွဲကိုတက်ခဲ့ ကိုကျော်သူဇနီး ဒေါ်ဇီးကွက်ကို သမတကြီးက အခုလိုပြောတာဖြစ်ပါတယ်။ ကိုကျော်သူကို ပါးသိုင်းမွေး မုတ်ဆိတ်မွေးတွေကို ရိတ်ပြီး ယခင် မင်းသားပုံစံနဲ့နေစေချင်တယ်လို့လည်း သမတကြီး ဦးသိန်းစိန်ကပြောတယ်လို့ ဆိုပါတယ်။( Mizzima , 31, August 2011)

## ပို့ကုန်များဈေးတက်

ငွေကြေးမတည်ငြိမ်မှုကြောင့် ပို့ကုန်လုပ်ငန်းရှင်များ အရှုံးများနဲ့ရင်ဆိုင်နေရတယ်လို့ဆိုပါတယ်။ ရာသီကုန်များအရောင်းအဝယ်လုပ်ရာမှာငွေကြေးအတက်အကျကြောင့် တောင်သူတွေလည်း အရှုံးပေါ်နေရပါတယ်။ သီးနှံ မပေါ်လအနည်းငယ်မှာ ဒေါ်လာဈေးက ၈၀၀ ကျပ်နီးပါးရှိခဲ့ရာ သီးနှံပေါ်လို့နိုင်ငံခြားပို့ရမယ့် အချိန်ကျတော့ ဒေါ်လာဈေးက ၇၅၀ ကျပ် ဝန်းကျင်သာရှိတော့တာမို့ များစွာနစ်နာနေကြရတယ်လို့ဆိုပါတယ်။ ပို့ကုန်လုပ်ငန်းရှင်များကလည်း ငွေကြေးတည်ငြိမ်မှုရှိရေးကို အဓိကလိုလားနေကြတယ်လို့ သတင်းများက ဆိုပါတယ်။( VOB , 31, August 2011)

## ငွေလဲနှုန်းစနစ် ပြင်တော့မည်

ခေတ်မမှီတော့တဲ့ မြန်မာနိုင်ငံရဲ့ ရှုပ်ထွေးတဲ့နိုင်ငံခြားငွေလဲနှုန်းစနစ် ကို ပြင်ဆင်ရာမှာ စီးပွားရေးပညာရှင်များပါဝင်တဲ့ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့ IMF က အကူအညီပေးမယ်ဖြစ်တယ်လို့ IMFပြောခွင့်ရက ပြောပါတယ်။ မကြာခင်မှာ အကူအညီပေးမယ့် ပညာရှင်များအဖွဲ့ဟာ မြန်မာနိုင်ငံကိုသွားရောက်မှာဖြစ်တယ်လို့လည်းဆိုပါတယ်။ ( RFA , 31, August 2011)

## မစောင့်နိုင်တော့

ကျနော်တို့ ဒီနှစ် တောင်းဆိုချင်တာကတော့ Resolution ဆုံးဖြတ်ချက်ကို အကြမ်းရေးခဲ့သော ဥရောပအစိုးရများအား ခြေလှမ်းသေးသော်လည်းအရေးကြီးချေလှမ်းဖြစ်၍ ကုလသမဂ္ဂစုံးစမ်းစစ်ဆေးရေးအဖွဲ့ဖြစ်မြောက်ရေးကိုဆုံးဖြတ်ချက်တွင် ထည့်သွင်းစေလိုကြောင်းနိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေး ဦးဘိုကြည် (AAPP) မှ အနှိပ်စက်ခံမြန်မာနိုင်ငံရေးအကျဉ်းသားများမစောင့်နိုင်တော့ အမည်ဖြင့်ရေးသား၏။( Huffington Post ,31, August 2011)

## နွားသေကို လင်းငှက်ဆွဲသလို

အမြင်ကျဉ်းမြောင်းပြီး အတ္တဆန်တဲ့ စစ်အဖွဲ့ကြီးကိုင်း ဦးသိန်းစိန်အစိုးရရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများပျော့ညံ့မှုကြောင်း မြန်မာနိုင်ငံမှ သယံဇာတအရင်းအမြစ်များကို အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်နဲ့ ထိုင်းနိုင်ငံတို့မှ နွားသေကို လင်းငှက်ဆွဲသလို အရေခွံခွာနေကြကြောင်း Francis Wade မှ ရေး၏။( New Internationalist ,2, September -2011)

# ဗိုလ်ချုပ်ဈေးအတွင်း လူမဆန်တဲ့ ညီအကိုနှစ်ယောက် လူရိုင်းတွေလို ရမ်းကား

**VOB | ဩဂုတ်လ ၂၇ ။** ။ ဒီကနေ့ ညနေ ၅း၁၀ နာရီခန့်အချိန်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး အနောက်ဖက်တန်းတွင် အဓိကရုဏ်းတစ်ခုဖြစ်ပွားခဲ့ပြီး ရာနှင့်ချီသောလူထု အုံကြွမှုတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါဖြစ်ရပ်မှာ ဗိုလ်ချုပ်အောင်ဆန်းဈေး အနောက်ဖက်တန်းရှိ ယာဉ်အဝင်လမ်းဘေးရှိ ယာဉ်ရပ်နားရာနေရာတွင် ရပ်နားထားသော မော်တော်ယာဉ်အမှတ် ၁က/၇၈၃၁ (Town ace) ၏ နောက်ကြည့်မှန်အား အသက် (၆၀) ခန့်ရှိ အမျိုးသားတစ်ဦးမှ ဘေးမှလာသောယာဉ်အား ရှောင်ရင်း ဝင်တိုက်မိသဖြင့် ကားပိုင်ရှင် ညီအစ်ကိုနှစ်ဦးမှ လျော်ကြေးတောင်းခံခဲ့ကြသည်။

ထိုအခါ ဝင်တိုက်မိသူ အမျိုးသားမှ ကားနောက်ကြည့်မှန်မှာ ထိခိုက်မှု တစ်စုံတစ်ရာ ဖြစ်ပွားခြင်းမရှိသည့်အတွက် မလျော်ပေးနိုင်ကြောင်းနှင့် မိမိပုခုံးဖြင့် ထိမိသည့်အတွက် တောင်းပန်ပါကြောင်း ပြောကြားမှုကို မော်တော်ယာဉ်အမှတ် ၁က/၇၈၃၁ (Town ace) ၏ ယာဉ်ပိုင်ရှင်ညီအစ်ကိုမှ ကျေနပ်မှုမရှိပဲ အထက်ပါ အသက် (၆၀) ခန့်ရှိ အမျိုးသားအား လည်ပင်းညစ်ပြီး မျက်နှာကို လက်သီးဖြင့်ထိုးခဲ့ရာ ၄င်းအမျိုးသားကြီးမှာ နှာခေါင်းမှ သွေးများအဆက်မပြတ် ကျဆင်းလာပြီးသွားလည်းနှစ်ချောင်း ကျိုးသွားခဲ့ပါသည်။

ထိုကဲ့သို့ သွေးများ အလိမ်းလိမ်းဖြင့် နာကျင်နေသောကြောင့် အမျိုးသားကြီးက လျော်ပေးမည်ဖြစ်ကြောင်း ပြောဆိုသော်လည်းယာဉ်ပိုင်ရှင် ညီအကိုနှစ်ဦးအနက် အကြီးဖြစ်သူက မော်တော်ယာဉ်ပေါ်တွင် အသင့်ယူဆောင်လာသော နှစ်တစ်လက်မ (၂ x ၁ လက်မ) တုတ်ကို ယာဉ်မောင်းထိုင်ခုံအောက်မှ ဆွဲယူလာကာ အဆိုပါ အသက်အရွယ်ကြီးသူအား လိုက်ရိုက်ခဲ့ပြန်ပါသည်။

ထိုအခါတွင် ဈေးလုံခြုံရေးနှင့် ဈေးသူဈေးသားများက ဝိုင်းဝန်းဆွဲသဖြင့် ယာဉ်ပိုင်ရှင်မှာ ၄င်း၏မော်တော်ယာဉ်သို့ ပြန်လည် ထွက်ခွာလာပြီး ရဲတိုင်ကာ အရေးယူမည်ဖြစ်ကြောင်း အော်ဟစ်ကြိမ်းမောင်းသွားပါသည်။

ထိုအခါမှ အဖြစ်မှန်ကိုသိကြသော ဈေးသူဈေးသားများမှာ ဒေါသပြင်းထန်စွာထွက်ပြီး အထက်ပါနိုင်ထက်စီးနင်းပြုကျင့်ခဲ့သူယုတ်မာရိုင်းဆိုင်းကာ လူမဆန်စွာရမ်းကားခဲ့သော ယာဉ်ပိုင်ရှင်ညီအကို နှစ်ဦးအား ထိရောက်စွာ အရေးယူပေးရန်အတွက်ဈေးလုံခြုံ ရေးနှင့်တာဝန်ကျ ယာဉ်စောင့်များအား ဝိုင်းဝန်းပြေဆိုခဲ့သဖြင့် ၄င်းတာဝန်ရှိသူများမှ လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရန် အတွက်မော်တော်ယာဉ်အမှတ် ၁က/၇၈၃၁ အားမော်တော်ယာဉ်အထွက်လမ်းမှ စောင့်နေသော်လည်း မော်တော်ယာဉ်မှာ ထွက်မလာပဲဈေးအတွင်း ပတ်ရှောင်နေသဖြင့် ဈေးသူဈေးသားများနှင့် ဈေးအပြန် ကားပိုင်ရှင်များမှာအမျက်ဒေါသထွက်ကာ ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးခဲ့ကြပါသည်။

ထိုသို့ဝိုင်းဝန်းပိတ်ဆို့မှုကြောင့်ရာနှင့်ချီသောလူအုပ်ကြီးမှာဗိုလ်ချုပ်အောင်ဆန်းဈေးကြီးအတွင်း ဟိုပြေး ဒီလွှားဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပါသည်။

နောက်ဆုံးကားကိုပိတ်ဖမ်းမိသောအခါယာဉ်ပိုင်ရှင်များမှာဘယ်သူမှ စောက်ဂရုမစိုက်ဘူး၊ သတ္တိရှိတဲ့ကောင် ထွက်ခဲ့ မဆိုင်ရင် မဆိုင်သလိုနေ အစရှိသဖြင့် ရိုင်းပြစွာစော်ကားခဲ့ပြန်သဖြင့် ဈေးသူဈေးသားများမှ မခံမရပ်နိုင်ဖြစ်ပြီး ဝိုင်းဝန်းအော်ဟစ်ခြင်းများ ဖြစ်ပွားခဲ့ပါသည်။

ထိုအခါ ဈေးလုံခြုံရေးနှင့်တာဝန်ကျယာဉ်ထိန်းရဲများ ရောက်ရှိလာပြီး အထက်ပါယာဉ်ပိုင်ရှင် ညီအစ်ကိုနှစ်ဦးအား ဈေးရုံးခန်းသို့ခေါ်ဆောင်သွားခဲ့ပါသည်။ အရိုက်ခံရသူ အမျိုးသားကြီးအား ဈေးသူ ဈေးသား များ ဝိုင်းဝန်းကာ ရန်ကုန်ဆေးရုံကြီး အရေးပေါ်လူနာဌာနသို့ပို့ဆောင်ပေးခဲ့ကြပါသည်။

အထက်ပါဖြစ်ရပ်တွင် အလွန်တရာ ယုတ်မာရိုင်းဆိုင်းပြီး လူမဆန်သော လူရမ်းကားညီအကိုနှစ်ဦးအား ဈေးသူဈေးသားများအား လုံးကျေနပ်မှုလုံးဝမရှိပဲ စစ်မှန်သောတရားဥပဒေ၏ အဆုံးအမကိုခံယူစေရန်နှင့် နောက်နောင်တွင် ယခုကဲ့သို့သောမြန်မာ့ ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော၊ တရားဥပဒေမဲ့သော၊ မင်းမဲ့စရိုက်ဆန်သော၊ လူသားချင်းစာနာမှုကင်းမဲ့သော လုပ်ရပ်မျိုးကို ပြည်သူ ပြည်သားများမခံရစေရန်နှင့် ဒီမိုကရေစီဗန်းပြကာ အများပြည်သူအား ထိခိုက်စေမည့်လုပ်ရပ်များ ဖြစ်ပေါ်မလာစေရန် တရားဥပဒေ၏အဆုံးအဖြတ်ကိုစောင့်မျှော်လျှက်ရှိကြပေသည်။

# မြန်မာ ၂၀၀ ကျော် ရေဘေးကြုံ

**RFA | ဩဂုတ်လ ၃၀ ။** ။ ထိုင်းနိုင်ငံ တောင်ပိုင်းမှာ မိုးအဆက်မပြတ်ရွာသွန်းတာကြောင့် တကွန်ပါခရိုင် ထိခတ်ကျေးရွာတဝိုက် ရေမြုပ်နေတဲ့ ရာဘာခြံတွေမှာ ရေဘေးဒုက္ခ ကြုံတွေ့နေရတဲ့ မြန်မာလုပ်သား ၁၂၀ ကျော်အတွက် ဖန်ငါ့ဒေသအခြေစိုက် ပညာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖေါင်ဒေးရှင်း FED က စားနပ်ရိက္ခာနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ မနေ့က သွားရောက်လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။

FED အဖွဲ့ရဲ့ အမှုဆောင်ဒါရိုက်တာ ဦးထူးချစ်က ရေဘေးဒုက္ခသည်တွေကို သွားရောက်အကူအညီ ပေးခဲ့ပုံကို ပြောပြပါတယ်။

ပြီးခဲ့တဲ့ ကြာသပတေးနေ့က မနက်လင်းအားကြီးအချိန်မှာ တောင် ကျရေတွေကြောင့် ရေကြီးခဲ့ပြီး ရာဘာလုပ်ငန်းလုပ်ကိုင်နေကြတဲ့မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့အိမ်တွေရေနစ်ကုန်ကြောင်း၊ ဒါကြောင့် သူတို့ လိုအပ်တဲ့ အစားအစာအသုံးအဆောင်များကို ကူညီပေးခဲ့ကြောင်း ပြောပါတယ်။

ရေကြီးပြီး ကား ဆိုင်ကယ်များ မဖြတ်ကူးနိုင်တဲ့ နေရာတွေမှာ ရေကူးပြီး အစားအစာသွားပေးခဲ့ရကြောင်း၊ တခြားလိုအပ်နေတဲ့ ဖျာ၊ စောင် စတဲ့အသုံးအဆောင်တွေကိုလည်း မနေ့က သွားရောက်ပေးခဲ့ကြောင်း သူကပြောပါတယ်။

ရော်ဘာခြံ အလုပ်သမားတဦးဖြစ်တဲ့ ကိုခင်မောင်စိုးကလည်း သူတို့ တွေ့ကြုံနေရတဲ့ ရေကြီးပုံအခြေအနေကို ပြောပြပါတယ်။

"ကျနော့်အိမ်မှာဆိုရင် ဒူးခေါင်းမြုပ်နေပြီ။ အခုထိ လူအကုန်လုံးက ကောင်းကောင်းမအိပ်ရသေးဘူး။ ပြေးကြလွှားကြနဲ့ပစ္စည်းတွေကလည်း ဖရိုဖရဲဖြစ်ကုန်ပြီ။ အိပ်စရာနေရာမရှိတော့ တန်းထိုးပြီးတော့ အပေါ်မှာ တက်နေရတယ်။"

ရေဘေးဒုက္ခ ကြုံနေရသူတွေမှာ ရာသီဥတုကြောင့် ဖျားနာကြတာကလွဲလို့အသေအပျောက် မရှိဘူးလို့သိရပါတယ်။ အဲဒီ ဖန်ငါ့ဒေသဟာ ၂၀၀၄ ခုနှစ်တုန်းက ဆူနာမီလှိုင်းဒဏ်ခံခဲ့တဲ့ဒေသဖြစ်ပါတယ်။

## ပြက္ခဒိန်မှ

**ဩဂုတ် ၃၀ | Epoch Times ။ ။** စစ်အဖွဲ့အများစု မြန်မာအစိုးရသည် ဒေါ်အောင်ဆန်းစုကြည် ရေးသားချက်များကို စင်စာအဖွဲ့မှ တည်းဖြတ်ခြင်းသည် မပြတ်သားသော လက္ခဏာပြနေကြောင်း၊

**ဩဂုတ် ၃၁ | LDN ။ ။** မိတ်ကပ်လိမ်းမှု များနေသော်လည်း မြန်မာအစိုးရသည် စစ်မှန်သောပြောင်းလဲမှုလုပ်နေသည်ဟု လုံးဝမထင်ကြောင်း ပဒိုမန်းရှာ၏သမီး; Burma Campaign (UK) မှ ဇိုရာဖန်မှ ဆို၏။

**ဩဂုတ် ၃၁ | The Diplomat ။ ။** မြန်မာသို့ ပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများတိုးပွားနေရာ ၂၀၁၀–၂၀၁၁ တွင် ဒေါ်လာ ၂၀ ဘီလီယံရှိကြောင်း။

**ဩဂုတ် ၃၁ | Asia Times Online ။ ။** စစ်အဖွဲ့ကြိုးကိုင်သည့် မြန်မာအစိုးရသည် အရည်ခွံလည်း အသွင်ပြောင်းနေပုံရကြောင်း။

**ဩဂုတ်၃၁ | CNN ။ ။** ဩစတြေးလျားသည် ဒုက္ခသည်များအား မလေးရှားသို့မပို့နိုင်ဟု နောက်ဆုံးအယူခံရုံးဖြစ်သည့် High court တရားရုံးချုပ်မှ ဆုံးဖြတ်၏။

**ဩဂုတ်၃၁ | Irrawaddy ။ ။** ကေအင်ယူခေါင်းဆောင်တဦးဖြစ်သူ မန်းငြိမ်းမောင်အား တရုတ်အာဏာပိုင်များသည် ယူနန်တွင် ဂျူလိုင်လ၌ ဖမ်းခဲ့ပြီးနောက်ပိုင်း မြန်မာအစိုးရလက်သို့ ပြန်ပို့ခဲ့ကြောင်း။

**ဩဂုတ် ၃၁ | Irrawaddy ။ ။** နိုင်ငံရေးအကျဉ်းကျနေသော ရှစ်လေးလုံးအဖွဲ့မှ ကိုကိုကြီးနှင့်ကိုဌေးကြွယ်တို့မှ မိမိတို့သည်ဒေါ်အောင်ဆန်းစုကြည်အားဆက်လက်ထောက်ခံကြောင်းနှင့် အစိုးရအား အယုံကြည်မလွန်ရန် သတိပေး၏။

**ဩဂုတ် ၃၁ | Irrawaddy ။ ။** မြန်မာအစိုးရနှင့် အနာဂတ်ဆွေးနွေးပွဲများအတွက် UNFC သည် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တည်ထောင်၏။

**ဩဂုတ် ၃၁ | Mizzima ။ ။** မြန်မာရှိ နိုင်ငံရေးအကျဉ်းကျ ဗွီဒီယိုသတင်းထောက်(ဗွီဂျေ)များအားလွှတ်ရန် Free Burma VJ လှုပ်ရှားမှုအဖွဲ့ မှ စက်တင်ဘာ ၉ တွင် ဘန်ကောက်မြန်မာသံရုံးရှေ့တွင် ဆန္ဒပြ စာရေးတောင်းဆိုပွဲပြုလုပ်ရန် စီစဉ်နေ၏။

**ဩဂုတ် ၃၁ | DVB ။ ။** ရုရှမှ ရေနံနှင့်ဓါတ်ငွေ့ကုမ္ပဏီ Gazprom သည် မြန်မာဈေးကွက်ဝင်ရန် နေပြည်တော်သို့ လာရောက်ခဲ့၏။

**ဩဂုတ် ၃၁ | DVB ။ ။** ဦးသိန်းညွန့် အဆိုပြုထားသည့် ၁၉၅၀ အရေးပေါ်ဥပဒေကို ပြင်ဆင်ရန် အဆိုပြုချက်ကို ပါလီမန်မှ ငြင်းပယ်ခဲ့၏။

**ဩဂုတ် ၃၁ | Asian Correspondent ။ ။** ကေအိုင်အိုနှင့် ၁၆ နှစ်တာ အပစ်ခတ်ရပ်စဲရေးကာလတွင် ငြိမ်းချမ်းရေးဆွေးနွေးမှု စိုးစင်းမှမရှိခဲ့ကြောင်း။ အစိုးရသည် မဆွေးနွေးသည့်မှုများပြောင်းကာ ဆွေးနွေးပွဲများလုပ်ရန်လိုကြောင်း ဇင်လင်းမှ သုံးသပ်၏။

**ဩဂုတ် ၃၁ | The diplomat ။ ။** မြန်မာအစိုးရသည် အမှတ် (က) အစီအစဉ်မအောင်မြင်၍ အမှတ် (ခ ) အစီအစဉ်ဖြစ်သည့် နည်းနည်းလိုက်လျော အချိုသတ်နည်းသုံးနေကြောင်း။

**စက်တင်ဘာ ၁ | Irrawaddy ။ ။** ပြည်ပိုင်လုပ်ငန်းအချို့အား ဆယ်နှစ်အတွင်း ပုဂ္ဂလိကမှ အမြတ်အစွန်းယူ၍ ငှားရမ်းလုပ်ကိုင်ရန် ခွင့်ပြုမည်။

**စက်တင်ဘာ ၁ | Mizzima ။ ။** ဘတ်ဂျက်မရှိ၍ မကွေးနှင့်စစ်ကိုင်းတိုင်းမှ ရေကာတာစီမံကိန်းအချို့ရပ်ထားရ၏။

**ဩဂုတ် ၁ | Mizzima ။ ။** KNU ခေါင်းဆောင် မန်းညိမ်းမောင် ကွန်မင်းလေဆိပ်မှနောက်ပိုင်းသတင်းမရ ပျောက်သွား၍စုံစမ်းနေကြောင်း ကေအင်ယူမှဆ၏။

**စက်တင်ဘာ ၁ | European Voice ။ ။** မြန်မာအား လူသားအပေါ်ပြုကျင့်သော ရာဇဝတ်မှုများအတွက် ကုလဦးစီးသော စုံစမ်းစစ်ဆေးရေးကော်မရှင်အတွက် ဥရောပမှ ဖိအားပေးရန်အချိန်တန်ပြီဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ (AI ) မှ Nicolas Beger မှ သတိပေးရေးသား၏။

**စက်တင်ဘာ ၁ | Asian tribune ။ ။** ကင်တားနား၏ လုပ်ဆောင်ချက်များကို မြန်မာအရေး အာဆီယံတွင်းအမတ်များအဖွဲ့ AIPMC မှ ထောက်ခံကြိုဆို၏၏။

**စက်တင်ဘာ ၂ | The Nation ။ ။** သံတမန်ရေး ပိုမိုအဆင်ပြေလာသည့် လက္ခဏာတခုအဖြစ် အမေရိကန်တီးဝိုင်း EarthString သည် မြန်မာသို့ ပထမဆုံးအကြိမ် သွားရောက်ဖျော်ဖြေမည်။

**စက်တင်ဘာ ၂ | Irrawaddy ။ ။** ဥရောပကော်မရှင်သည် မြန်မာတွင် ဘာကိုစောင့်နေသနည်း။ ယခုအချိန် Zawacki သည် ကုလသမဂ္ဂမှ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ရန် အချိန်ဖြစ်ကြောင်း Benjamin Zawacki မှ သုံးသပ်၏။

**စက်တင်ဘာ ၂ | Mizzima ။ ။** ကြည့်မြင်တိုင်စာသင်တိုက်မှ အရှင်ပညာသီဟ၏ ငြိမ်းချမ်းရေးတရားဟောရန် အစီအစဉ်ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ပိတ်ပင်၏။

**စက်တင်ဘာ ၂ | DVB ။ ။** ငြိမ်းချမ်းရေးကော်မတီဖွဲ့မှုကို ပါလီမန်မှ ခွင့်ပြုကြောင်း။ ကော်မတီတွင် ဒေါ်အောင်ဆန်းစုကြည်းပါဝင်ရန် ရခိုင်အမျိုးသားညီညွတ်ရေးပါတီမှ အဆိုပြုထားကြောင်း။

---

# မန္တလေး ပြဟ္မစိုရ်အသင်းက ရေဘေးဒုက္ခသည်များကို ကူညီစောင့် ရှောက်ပေး

**RFA | ဩဂုတ် ၂၉ ။ ။** မန္တလေးပြဟ္မစိုရ်အသင်းက စေတနာ့ဝန်ထမ်း ဆရာဝန်တွေနဲ့ ဆေးဝန်ထမ်းအဖွဲ့ဟာ ရေဘေးဒုက္ခသည်တွေရှိရာကို ဒီကနေ့သွားရောက်ပြီး ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်ကတည်းကစပြီး ရေကြီးနေတဲ့ အနိမ့်ပိုင်း ရပ်ကွက်တွေမှာ ဒီနေ့ ဆေးဝါးကုသပေးပြီး မနက်ဖြန်ကျရင် ငွေနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ သွားရောက်လှူဒါန်းမယ်လို့ မန္တလေး ပြဟ္မစိုရ်အသင်း ဒုတိယဥက္ကဋ္ဌဦးဝင်းမြင့်ကပြောပါတယ်။

"ရောဝတီမြစ်ဘေးနဲ့နီးတဲ့ တာရိုးရဲ့ ချိုင့်ကျတဲ့နေရာတွေ၊ရေဝင်နေတဲ့နေရာတွေကို ဆရာဝန်ကြီးတွေ ကားသုံးစီးနဲ့သွားပြီး ကျန်းမာရေးစောင့်ရှောက်မှု သွားရောက်ဆောင်ရွက်နေပါတယ်။ အိမ်ထောင်စုအလိုက် စခန်းဖွင့်ထားတဲ့နေရာတွေမှာ ငွေတသောင်းစီနဲ့ မုန့်ကြွပ်ထုတ်အကြီး၊ ကွတ်ကီးမုန့်ထုတ်၊ မာမီးမုန့်ခြောက်၊ ခြင်မကိုက်အောင်လိမ်းဆေး၊ ရှူဆေး၊ ဆပ်ပြာတောင့်၊ အချိုရည်၊ ရေသန့် အဲဒါတွေကို မနက်ဖြန်ကျရင်သွားလှူပါ့မယ်"

ခန့်မှန်းခြေအားဖြင့် အိမ်ထောင်စု ၂၅၀ က လူဦးရေ တထောင်လောက်ကို ဒီကနေ့ ဆေးဝါး ကုသပေးခဲ့တယ်လို့ပြောပါတယ်။

ရောဝတီတိုင်းမှာ ၂၀၀၈ ခုနှစ် မေလက မုန်တိုင်း တိုက်ခဲ့တုန်းကလည်း မန္တလေးပြဟ္မစိုရ်အသင်းက အစွန်အဖျားဒေသတွေ ရောက်အောင်သွားပြီး ဆေးဝါး၊ အဝတ်အထည်တွေ လှူဒါန်းရုံမက စာသင်ကျောင်းတွေ၊ ဘုန်းတော်ကြီးတွေကို လိုအပ်ရင် လိုအပ်သလို ပြုပြင်တည်ဆောက်ပေးခဲ့ပါတယ်။ နာရေးကိစ္စတွေမှာ အကူအညီပေးဖို့တည်ထောင်ခဲ့တဲ့ ပြဟ္မစိုရ်အသင်းဟာ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့ရတိုင်း အကူအညီပေးခဲ့တယ်လို့လည်း ဦးဝင်းမြင့်က ပြောပါတယ်။

# ဧရာဝတီ ကယ်တင်ရေး စာပေအနုပညာရှင်နဲ့ လူမှုရေးပညာရှင်တွေ တောင်းဆို

**VOA ၊ စက်တင်ဘာ ၀၁ ॥** ॥ မြန်မာနိုင်ငံရဲ့ အသက်သွေးကြောလို့ ပြောနိုင်တဲ့ဧရာဝတီမြစ်ကြီးမြစ်ဖျားခံရာကချင်ပြည်နယ်အတွင်းမှာမြစ်ဆုံရေကာတာ စီမံကိန်းနဲ့ရွှေတူးဖော်ရေး စီမံကိန်းတွေကြောင့် ဧရာဝတီမြစ်ကြီး တိမ်ကောပျောက်ပျက်သွားမယ့် အန္တရာယ်ကနေဝိုင်းဝန်းကာကွယ်ကြဖို့မြန်မာနိုင်ငံထဲက ထင်ရှားတဲ့စာပေအနုပညာရှင်တွေအပါအဝင် လူမှုရေးတက်ကြွလှုပ်ရှားသူတွေက ဒီကနေ့ပဲ သမ္မတဆီ လိပ်မူပြီး တောင်းဆိုစာတွေ ပေးပို့လိုက်ပါတယ်။ နိုင်ငံတော် သမ္မတအနေနဲ့ပြည်သူလူထုရဲ့ဆန္ဒနဲ့ သဘောထားတွေကို လိုက်လျောဆောင်ရွက်ပေးမယ်လို့လည်း သူတို့မျှော်လင့်ထားတဲ့အကြောင်းလက်မှတ်ရေးထိုးတောင်းဆိုသူတွေက ပြောပြကြပါတယ်။ အပြည့်အစုံကိုမသင်းသီရိက တင်ပြပေးထားပါတယ်။

ဧရာဝတီမြစ်မကြီးရဲ့ မြစ်ရေစီးကြောင်းတွေ ပုံမှန်မဟုတ်တော့တာ၊ နေရာ အတော်တော်များများမှာ သဲသောင်ထွန်းတာတွေ အပါအဝင်မြစ်ကမ်းပါးတွေ ပြိုလာတာတွေဟာ အရေးတကြီးအဆင့်မှာ တွေ့နေရတဲ့ ဆိုးကျိုးတွေဖြစ်တယ်လို့ ဒီလှုပ်ရှားမှုမှာပါဝင်သူတွေကအဓိကထောက်ပြကြပါတယ်။ ဧရာဝတီမြစ်ဖျားခံရာကချင်ပြည်နယ်အတွင်း မြစ်ဆုံရေကာတာ စီမံကိန်းတွေနဲ့အတူ ရွှေတူးဖော်ရေးလုပ်ငန်းတွေကြောင့်လည်း တွေ့နေရတဲ့ သဘာဝ ဘေးအန္တရာယ် တွေဟာဧရာဝတီမြစ်အတွက် စိုးရိမ်စရာဖြစ်တယ်လို့ ဆိုပါတယ်။

အထူးသဖြင့်ဧရာဝတီမြစ်အတွင်းသဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုတွေဟာ တနှစ်ထက်တနှစ် ပိုဆိုးလာနေတာမို့ ဧရာဝတီကို ထာဝရရှင်သန်လိုသူများဆိုတဲ့ ခေါင်းစဉ်နဲ့ ဧရာဝတီမြစ် ထိန်းသိမ်းရေး လှုပ်ရှားမှုတွေကို ပြီးခဲ့တဲ့လကတည်းက စတင်ခဲ့ကြတာပါ။ ဒါကြောင့် နိုင်ငံရဲ့ အစိုးရကလည်း ဧရာဝတီမြစ်ကြီးအတွက် ပူးပေါင်းကာကွယ်ဖို့ အစီအစဉ်မှာပါဝင်ဖို့ဆိုပြီးတော့ ထင်ရှားတဲ့ စာပေအနုပညာရှင်တွေ၊ လူမှုရေးလုပ်ငန်းတွေမှာ ဦးဆောင်လှုပ်ရှားနေသူတွေက သူတို့ စုပေါင်း လက်မှတ်ရေးထိုးထားတဲ့ လက်မှတ်ပေါင်း ၁,၆၀၀ ကျော်ကို ဒီနေ့ ပထမဆုံးအကြိမ်အဖြစ် သမ္မတ ဦးသိန်းစိန်ဆီ ပေးပို့ပါတယ်။

အခုလိုမျိုး လူထုရဲ့ဆန္ဒနဲ့အသံတွေကို နားထောင်ကာ နိုင်ငံရဲ့ အစိုးရက လိုက်လျောဆောင်ရွက်ပေးမယ်ဆိုတာကို ယုံကြည်တဲ့အတွက် တောင်းဆိုမှုတွေမှာ ပါဝင်လက်မှတ်ရေးထိုးတာ ဖြစ်တယ်လို့ မန္တလေးမြို့က စာရေးဆရာကျော်ရင်မြင့်က ပြောပါ တယ်။

"ဧရာဝတီမြစ်ကြီးပေါ်မှာ ဆည်ကြီးလည်း မဆောက်ရသေးဘူးပေါ့၊ အချိန်မရွေး ဒီဆည်ကြီးကိုမဆောက်ဘဲနဲ့ အဲဒီစီမံကိန်းကို ရပ်တန့်လိုက်လို့ရပါတယ်။ ဒါကြောင့် ဧရာဝတီကို ကယ်တင်မယ့် လှုပ်ရှားမှုဟာ အချိန်မီလှုပ်ရှားမှုလို့ ကျနော်မြင်ပါတယ်၊ တခုပဲရှိတယ်၊ ဆုံးဖြတ်ရမယ့် နိုင်ငံရဲ့အကြီးအကဲပိုင်းပေါ့၊ တာဝန်ရှိသူပိုင်းကတော့ အချိန်မီ ဆုံးဖြတ်ဖို့တော့ လိုပါတယ်။

"ဒီနေ့ နိုင်ငံကို စီမံခန့်ခွဲနေတဲ့ အစိုးရကလည်း ပြည်သူလူထု သဘောထားကို အလေးအနက်ထားပြီးတော့ နားထောင်လိမ့်မယ်လို့ မျှော်လင့်လို့ အဲဒီလှုပ်ရှားမှုမှာ ကျနော်ပါဝင်တာပါ။ ဒါ ပြည်သူလူထု ရဲ့ဆန္ဒ၊ အဲဒီဆန္ဒကို သူတို့ လေးလေးစားစားနဲ့ ဆောင်ရွက်လိမ့်မယ်လို့ ယုံကြည်လို့ ကျနော် လက်မှတ်ထိုးတာပါ။" စာရေးဆရာ ကျော်ရင်မြင့် ပြောပြသွားတာ ဖြစ်ပါတယ်။

ဧရာဝတီမြစ်ဟာဘိုးဘွားဘီဘင်တွေရဲ့ယဉ်ကျေးမှုအမွေအနှစ် လည်း ဖြစ်တာမို့ အစဉ်အဆက်ထိန်းသိမ်းလာခဲ့တဲ့ ဒီ ရေးအမွေအနှစ် ကို ကိုယ့်လက်ထက်မှ ပျက်စီးမယ်ဆိုရင်တော့ သမိုင်းမှာ အလွန်ညံ့ရာ ကျနေပြီလို့ စာရေးဆရာဦးအောင်သင်းကဆိုပါတယ်။ ဆရာ ဦးအောင် သင်းဟာလည်း ဒီတောင်းဆိုမှုထဲမှာ လက်မှတ်ရေးထိုး ပါဝင်သူတဦး ဖြစ်ပါတယ်။

"ဘဝရှင်သန်ဖို့အတွက် ပတ်ဝန်းကျင်ဆိုတာ အလွန်လုံလောက် ရမှာဗျ။ ဧရာဝတီမှာပါဝင်ခဲ့တာပဲ။ ဒို့ပြင်တိုင်းပြည်မှာ ဒီမြစ်မျိုးရှိတာမ ဟုတ်ဘူး။ အလွန်ရှိဖို့ခက်တယ်။ တကယ်တန်ဖိုးရှိတဲ့ ပစ္စည်းကြီးပါ။ အဲဒါကို မထိန်းသိမ်းတတ်ရင် ကျနော်တို့ညံ့လို့ပေါ့။ ဟိုးအရင်တုန်းက ဆိုရင် မြစ်ရေတင်တဲ့ စိုက်ပျိုးရေးမလုပ်ရဘူးဆိုတာ မြစ်ကို ထိခိုက်မှာ စိုးလို့။ နောက်တခုက တံတားတွေဘာတွေ ဆောက်ချင်တိုင်း ဆောက် လို့မရဘူး။ တံတားရဲ့ တိုင်တွေဘာတွေက သဲတွေကို သောင်တွေဘာ တွေ ထွန်းစေတဲ့အတွက် အဲဒါကြောင့် တံတားကိုထိုးချင် တိုင်းထိုးလို့ မရပါဘူး။

"ဒီဘက်မှာတော့ ထိုးချင်တိုင်းထိုး၊ အဲဒီတော့ အားလုံး ပတ်ဝန်း ကျင်ကလည်း ဝိုင်းပြီးပြောကြ ပြုကြ ဘယ်လိုဖြစ်ကုန်မှန်း မသိဘူး။ ကျနော်ဧရာဝတီမြစ်ကို သိပ်တန်ဖိုးထားပါတယ်။ ကျနော့်အသက်ပဲ၊ ကျနော့်သားသမီးတွေရဲ့အသက်ပဲ၊ ကျနော့် ဘိုးဘွားတွေရဲ့ အသက်ပဲ။ အများကြီး လုပ်ရလိမ့်မယ်။ နောက်ကျတယ်လို့ထင်တယ်။"စာရေးဆ ရာဦးအောင်သင်း ဧရာဝတီနဲ့ပတ်သက်တဲ့ သူ့ရဲ့ သဘောထားတွေကို ပြောပြခဲ့တာဖြစ်ပါတယ်။

ဧရာဝတီကို ထာဝရရှင်သန်လိုသူများဆိုတဲ့ လှုပ်ရှားမှုကို ၈၈ မျိုး ဆက်ကျောင်းသားတွေကလည်း ဦးဆောင်ခဲ့တာဖြစ်ပြီး ဧရာဝတီမြစ် ကြောင်းပေါ်က စီမံကိန်းတွေနဲ့ပတ်သက်လို့ နိုင်ငံတော်က အချိန်မီပြန် လည်စဉ်းစားရေးအတွက် ဆိုပြီးတော့လည်း ပြီးခဲ့တဲ့လက သမ္မတဆီ ကို စာရေးသားပေးပို့ထားပါတယ်။

အခုလိုမျိုး စာရေးတောင်းဆိုတဲ့ လှုပ်ရှားမှုတင် မကဘဲ ဧရာဝ တီမြစ်ဝန်းကျင်မှာ နေထိုင်ကြသူတွေအတွက် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ထိန်းသိမ်းရေး ပညာပေးသင်တန်းတွေနဲ့ပါ သူတို့ရဲ့လှုပ်ရှားမှု ကို စတင်နေပြီလို့ ဒီလှုပ်ရှားမှုကို ဦးဆောင်သူထဲက တဦးဖြစ်တဲ့ ၈၈ မျိုးဆက်ကျောင်းသား ကိုမြတ်သူက ပြောပါတယ်။

"လောလောဆယ်တော့ အစိုးရဘက်က တုံ့ပြန်တာ တစုံတရာ မတွေ့ရသေးပါဘူး။ လက်မှတ်တွေ တင်တာတင် မဟုတ်ဘဲနဲ့ ပြည်သူ လူထုကလည်း ဒီမြစ်ကြီးပေါ်မှာ အာရုံစိုက်မှု ပိုများလာအောင်၊ နောက် ဒီမြစ်ကြီးရဲ့ Effect က ပြည်သူလူထုအပေါ်မှာ ဖြစ်လာနိုင်တယ်ဆိုတာ ကိုလည်း ပိုပြီးတော့ ရှင်းရှင်းလင်းလင်း သိအောင် ကျနော်တို့ ကြိုးပမ်း ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ပြည်သူလူထုကို ပိုပြီးတော့အသိ ပညာပေးတဲ့ လုပ်ငန်းတွေ၊ ကျနော်တို့ လူငယ်တွေနဲ့ ထိတွေ့ တာတွေ၊ ပြောဆို စည်းရုံးတာတွေ၊ ဒါမျိုးတွေရှိပါတယ်။"

ဧရာဝတီ ထာဝရရှင်သန်လိုသူများ လှုပ်ရှားမှုကို ဦးဆောင်သူ

**စာမျက်နှာ ၁၉ သို့**

# အရေးပေါ်စီမံချက် အက်ဥပဒေ ဖျက်သိမ်းရန်အဆို လွှတ်တော်က ပယ်ချ

**Mizzima | ဩဂုတ်လ ၃၀ ။** ။ အတိုက်အခံများကို ထောင်ချရာတွင် သုံးလေ့ရှိသော ဥပဒေတခုဖြစ်သည့် "၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက် ဥပဒေ"ကိုဖျက်သိမ်းရန် ဒီမိုကရေစီပါတီသစ်မှလွှတ်တော်အမတ်ဦးသိန်းညွန့်ကပြည်သူ့လွှတ်တော်တွင်တင်သွင်းရာစစ်သားအမတ်များ နှင့်ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီအမတ်များ၏ ကန့်ကွက်မှုကြောင့် ပျက်ပြားသွားပြီဖြစ်သည်။

ဦးသိန်းညွန့် တင်သွင်းသည့် အဆိုကို ၃၈၅ ယောက်တက်သော အောက်လွှတ်တော်တွင် အင်္ဂါနေ့က ဆွေးနွေးရာထောက်ခံသူ အမတ် ၇ ဦးသာရှိပြီး တပ်မတော်သား လွှတ်တော်အမတ် အားလုံး ၉၉ ဦး၊ ကြံ့ဖွံ့အမတ် ၂၂၀ ဦးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ပါတီငယ်များမှ ၁၆ ဦးက ကန့်ကွက်ကာ ကြားနေ ၄၁ ဦး ရှိခဲ့သည်။

တနင်္လာနေ့ကတည်းကတင်သွင်းထားခဲ့သောအဆိုကိုထောက် ခံသူများမှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါက်တာသန်းဝင်းနှင့်ဦးခိုင်မောင်ရည်၊ရှမ်းတိုင်းရင်းသားများပါတီမှဒေါ်နန်းဝါနု၊ဒီမိုကရေစီပါတီသစ်မှ ဦးသိန်းညွန့်နှင့် ဦးကြည်မြင့်၊ ချင်းအမျိုးသားပါတီမှ ဒေါ်ဇာတလဲမ်း၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှအဆိုကို ကန့်ကွက်ဆွေးနွေးသူ အမတ်လေးဦးမှာ ကြံ့ဖွံ့ပါတီမှဖြစ်ကြပြီး ယင်းတို့မှာ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၊ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်၊ ဆော့လော်မဲဆန္ဒနယ်မှဦးဖောင်းခေါင်တို့က ကန့်ကွက် ဆွေးနွေးခဲ့ကြသည်။

"ဒီဥပဒေ (၁၉၅၀ ပြည့်နှစ် အရေးပေါ် စီမံမှုဥပဒေ) က မြန်မာပြည်မှာ ရောင်စုံသူပုန်ထတုန်းက ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်တယ်၊ အခုဟာက ဒီလိုအခြေအနေမျိုးမဟုတ်တော့ဘူး အဲဒါကြောင့် ဒီဥပဒေဟာ ဖျက်သိမ်းသင့်တဲ့ဥပဒေပေါ့" ဟု ဦးသိန်းညွန့်က မဇ္ဈိမနှင့်အစောပိုင်းက အင်တာဗျူးတခုတွင် ပြောကြားဖူးသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦးက တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်နှင့် အစိုးရတပ်တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကို ရည်ညွှန်းကာ ယင်းအခြေအနေများရှိနေခြင်းကြောင့် ၁၉၅၀ အရေးပေါ် စီမံမှုဥပဒေသည် ရှိနေသင့်ကြောင်း ဆွေးနွေးသွားသည်ဟု လွှတ်တော်အမတ်များက ပြောသည်။

ထို့အပြင် ဦးဖောင်းခေါင်ကလဲ ကချင်ပြည်နယ်အတွင်း ကချင်လွတ်မြောက်ရေးအဖွဲ့နှင့်အစိုးရတပ်တို့အကြားဖြစ်ပွားခဲ့သည့် တိုက်ပွဲများကိုရည်ညွှန်းကာအရေးပေါ်စီမံချက်အက်ဥပဒေမရှိ၍မဖြစ်ကြောင်း ဆွေးနွေးသွားသည်။ ၁၉၅၀ အရေးပေါ် စီမံမှုအက်ဥပဒေသည်လွတ်လပ်ရေးရပြီး ၂ နှစ်အကြာ ပြည်တွင်းစစ်ကြောင့် ထိုစဉ်က အာဏာရဦးနုအစိုးရက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်တွင် နိုင်ငံတော်တည်ငြိမ်ရေးအတွက် ကြိုးပမ်းနေကြသည့် စစ်တပ်နှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်များကို နှောင့်နှေးအောင် သို့မဟုတ် နိုင်ငံတော်တည်ငြိမ်ရေးပျက်ပြားအောင် ကြံရွယ်ပြုမူသူများကို ထောင်ဒဏ်တသက် သို့မဟုတ် သေဒဏ်အထိ ကျခံနိုင်ရန် ပါရှိသည်။

"အရေးပေါ် အခြေအနေအတွက်ကို ရည်ရွယ်ပြီးတော့မှ ၁၉၅၀ တပိုက်မှာ တိုင်းပြည်က ဆူပူသောင်းကျန်းမှုတွေဖြစ်နေတဲ့ အချိန်မှာ ထုတ်ခဲ့တဲ့ ဥပဒေဖြစ်တယ်။ အခုဟာက အဲဒီလိုမျိုး အရေးပေါ်ကာလလည်း မဟုတ်တော့ဘူး အခုအချိန်မှာ ဒီအရေးပေါ်ပုဒ်မဆိုတာကြီးက မဆီလျော်တော့ဘူး" ဟု ဦးခိုင်မောင်ရည်က မဇ္ဈိမကိုပြောသည်။

ပြည်ပအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၏ ထုတ်ပြန်ချက်အရ လက်ရှိ မြန်မာနိုင်ငံအကျဉ်းထောင်များတွင်ရှိနေသော နိုင်ငံရေးအကျဉ်းသား ၁,၉၉၅ ဦးအနက် ၅၀၀ ဦးမှာ ၁၉၅၀ အရေးပေါ် စီမံချက်ဥပဒေနှင့် ဆက်နွယ်သော ဥပဒေများချည်း သို့မဟုတ် ဤဥပဒေပါ ပါဝင်စွဲဆို ထောင်ချခံရခြင်းဖြစ်သည်ဟု ဆိုသည်။

ပထမသက်တမ်း ဒုတိယအကြိမ်မြောက် လွှတ်တော် အစည်းအဝေး ၇ ရက်နေ့မြောက်ဖြစ်သည့် အင်္ဂါနေ့တွင်ပြည်သူ့လွှတ်တော်အစည်းအဝေးတခုလုံးကို ဦးသိန်းညွန့် တင်ပြချက်အပေါ် အပြန်အလှန်ဆွေးနွေးခြင်းသာရှိခဲ့ပြီး နောက်ရက်များအတွက် ပြင်ဆင်မှုနှင့်အဆုံးသတ်ခဲ့သည်။ လွှတ်တော်၏ထုံးစံအရ ဆွေးနွေးလိုသောအကြောင်းအရာအတွက် အမတ်တဦးက တင်ပြရန်လိုပြီး အနည်းဆုံးထောက်ခံသူ တဦးရှိမှသာ ဆွေးနွေးရန် အတည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ကြံ့ဖွံ့ အမတ်ဦးစိုးသာ၏ အမေရိကန်ဒေါ်လာဈေးဆင်းနေမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပံ့ပိုးလည်ပတ်နိုင်ရေး အတွက် နည်းလမ်း ရှာဖွေရေးအဆိုကို တင်သွင်းခဲ့သည်။ တပါတီထဲမှ ဦးညီညီမှ ထောက်ခံသဖြင့် ဆွေးနွေးရန် သေချာသွားပြီဖြစ်သော်လည်း ရက်မသတ်မှတ်ရသေးပေ။

အမျိုးသားစီမံကိန်းနဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဟောင်း ဦးစိုးသာ၏ပြောကြားချက်တွင် ၂၀၁၀၊ ၂၀၁၁ ခုနှစ်အတွင်း သွင်းကုန်ပမာဏ ၇၈ ရာခိုင်နှုန်းတိုးလာခြင်း၊ ကုန်သွယ်မှုတွင် မြန်မာကျပ်ငွေ ၇၉၆ သန်းလိုငွေပြနေမှုနှင့် ဆန်၊ ပဲအမျိုးမျိုး၊ ငါးပို့ကုန်များလျော့နေခြင်းတို့ကို အလေးထားပြောကြားသွားသည်။

ထို့အပြင် နောက်ရက်တွင် ဆွေးနွေးရေးအတွက် ကြိုးပမ်းမှုတခုဖြစ်သော ငွေတိုက်စာချုပ်ဝယ်ယူ စုဆောင်းငွေအပေါ်မှရရှိသည့်အတိုးအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိရေးအဆိုကို ကြံ့ဖွံ့၏ခရမ်းမြို့နယ်မဲဆန္ဒနယ်မှ ဦးမောင်မောင်သိန်းက တင်သွင်းခဲ့သည်။ ယင်းကို ကွန်ဟိန်းမဲဆန္ဒနယ် ကျားဖြူပါတီမှ အမတ် ဒေါ်နန်းဝါနုကထောက်ခံသောကြောင့် ဆွေးနွေးရန် သဘောတူညီချက် ရသွားပြီဖြစ်သည်။ သို့သော်လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းမှဘဏ္ဍာခွန်ကြီးဌာန၊ဥပဒေကြမ်းကော်မတီတို့နှင့်ညှိနှိုင်းဆောင်ရွက်ရန် ဖြည့်စွက်ပြောကြားသွားသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် ညနေ ၃ နာရီတွင် ပြီးဆုံးသည်။ ယခု သီးခြားစီကျင်းပနေသည့်အမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော်တို့ကို စက်တင်ဘာ လ ၅ ရက်နေ့တွင်ပြည်ထောင်စုလွှတ်တော်အဖြစ် ပေါင်းစည်းကျင်းပမည်ဟုလည်း သိရသည်။

# အလုပ်သမားအဖွဲ့များ ဖွဲ့စည်းနိုင်ရေး အမျိုးသားလွှတ်တော် အတည်ပြု

**Mizzima | ဩဂုတ်လ ၂၉ ။** ။ ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီဝင်အလုပ်သမားဝန်ကြီး ဦးအောင်ကြည် တင်သွင်းခဲ့သည့် အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းနိုင်ရေးနှင့် အကန့်အသတ်ဖြင့် ဆန္ဒဖော်ထုတ်နိုင်မည့် ဥပဒေမူကြမ်းကို တနင်္လာနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်တွင် အစည်း အဝေးတွင် အတည်ပြုပေးလိုက်ပြီ ဖြစ်သည်။အဆိုပါ ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆန္ဒခံယူရမည်ဖြစ်ပြီး အတည်ပြုပါက ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ကို ရယူပြီးနောက် ဥပဒေအဖြစ် ပေါ်ပေါက်လာမည် ဖြစ်သည်။

ဥပဒေမူကြမ်းတွင် အလုပ်ရှင် အလုပ်သမားအသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ပြီး၊ အလုပ်သမားများဆန္ဒပြလိုပါကဒေသခံ အာဏာပိုင်များမှ ခွင့်ပြုထားသည့်နေရာတွင် လူအရေအတွက်အကန့် အသတ်ဖြင့် ဆန္ဒဖေါ်ထုတ်ခွင့်ရရှိမည်ဟု ဥပဒေမူကြမ်းကို ဖတ်ခွင့်ရသူ ဒီမိုကရေစီပါတီသစ်ပါတီမှ အမျိုးသားလွှတ်တော်အမတ် ဦးဖုန်းမြင့်အောင်က ဆိုသည်။

အလုပ်သမား အဖွဲ့အစည်းဖွဲ့စည်းရာတွင် အစိုးရ၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ လူပုဂ္ဂိုလ်များ ပါဝင်ခွင့်မရှိဟုသိရသည်။ " အလုပ်သမားတွေက သူတို့ ကိုယ်စားလှယ်နဲ့ သူတို့ဖွဲ့ရမှာပါ။" ဟု ဦးဖုန်းမြင့်အောင်က ပြောသည်။

ကွယ်လွန်သူ အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်ကတည်းက ယခုတိုင် လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့် ပိတ်ပင်ထားခဲ့ပြီး အစိုးရမှ ကြီးမှူးသည့် အသင်းအဖွဲ့များသာ တည်ရှိနေခဲ့သည်။

တနင်္လာနေ့ အမျိုးသားလွှတ်တော်တွင် သစ်တောဝန်ကြီးဦးဝင်းထွန်းမှသစ်တောဥပဒေမူကြမ်းကိုတင်သွင်းခဲ့ရာ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောဧရိယာများ တိုးမြှင့်ရန်နှင့်သစ်ပင်များစိုက်ပျိုးရန်တို့ ပါဝင်သည်ဟု ဦးဖုန်းမြင့်အောင်က ပြောသည်။ ယင်းအဆိုကို အင်္ဂါနေ့အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးမည် ဖြစ်သည်။

ပြည်သူ့လွှတ်တော်တွင် ဦးသိန်းညွန့်မှ ၂၁ ရာစုနှင့်ညီညွတ်သော လူ့ဂုဏ်သိက္ခာနှင့်ညီညွတ်သည့် ဥပဒေတရပ်မူကြမ်းရေးဆွဲပြီး တင်သွင်းရန်နှင့် ၁၈၉၄က ပြဋ္ဌာန်းခဲ့သော အကျဉ်းထောင်များအက်ဥပဒေသည် ကိုလိုနီခေတ်ကပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သည့်အပြင် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်း သေးသိမ်စေသည့် အရေးယူ ဆောင်ရွက်မှုများကို ခွင့်ပြုထားသည်များရှိနေခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့် အတွက် ထိုဥပဒေကိုပြန်လည်ပြင်ဆင်ရန်ထည့်သွင်းဆွေးနွေးသွားသည်။

ယင်းအဆိုကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီတို့မှ အမတ်များပါဝင်သော အမတ် ၇ ယောက်မှ ထောက်ခံဆွေးနွေးပြီး ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ အမတ် ၂ ယောက်က ကန့်ကွက်ဆွေးနွေးကြသည်။

ကန့်ကွက်ဆွေးနွေးသူ ကြံ့ဖွံ့အမတ်များဖြစ်သည့် မင်္ဂလာဒုံ မဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းနှင့် ဇီးကုန်း မဲဆန္ဒနယ်မှ ဦးတင်မောင်မြင့်တို့က ကိုလိုနီခေတ်အတွင်း ထိုဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း အကျဉ်းထောင်များကို မြန်မာလူမျိုးများ အုပ်ချုပ်နေခြင်းကြောင့် နှိပ်စက်မှုများနှင့်မတရားပြုလုပ်မှုများမရှိတော့ကြောင်း ဆွေးနွေးသွားသည်။

ဤအဆိုကို ပြည်ထဲရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီးကိုကိုမှ ခေတ်နှင့် မလျော်ညီတော့သော ယင်းဥပဒေများကို ပြည်ထဲရေးဝန်ကြီးဌာနမှပြန်လည်ပြင်ဆင်ရန် စတင်နေပြီဖြစ်ကြောင်း ဖြေသည်။

တနင်္လာနေ့ ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော်အမတ် ဦးသိန်းညွန့်မှပင် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေ (၁၇/ ၁၉၅၀) ဖျက်သိမ်းပေးရန် တင်သွင်းခဲ့သေးသည်။ ယင်းအဆိုကိုအင်္ဂါနေ့ လွှတ်တော် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်တွင် ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်အမတ် ၁၂၀ ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်းသည့် မေးခွန်းကိုဦးသိန်းညွန့်မှ မေးမြန်းခဲ့သေးသည်။

ယင်းမေးခွန်းကို ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဖြစ်သည့် ဦးမြင့်နိုင်မှ ဖြေကြားရာတွင် ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရလွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ ၁၀၇ ယောက်သာရှိပြီး၊ ၇၊ ၃၊ ၂၀၁၀တွင် ရွေးကောက်ပွဲပြန်လည် မှတ်ပုံတင်ကြရန် ဥပဒေထုတ် ကြေညာခဲ့ပြီးဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိသည့်အတွက် ၁၉၉၀ ရွေးကောက်ပွဲရလဒ်သည် အလိုအလျောက် ပျက်ပျယ်ပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားသွားခဲ့သည်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကို တနင်္လာနေ့ နံနက် ၁၀ နာရီတွင် စတင်ပြီး ညနေ ၄း၂၀တွင် ပြီးဆုံးကြသည်။

# ငွေလဲနှုန်းပြင်ဆင်ရေး IMFကူညီမည်

**RFA | ဩဂုတ်လ ၃၁ ။** ။ ရှုပ်ထွေးလှတဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားငွေလဲလှယ်ရေးနှုန်းစနစ်ကို ခေတ်မီအောင် ပြင်ဆင်ရာမှာ အကူအညီပေးဖို့ IMF ခေါ် အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့က စီးပွါးရေးပညာရှင်တွေပါဝင်တဲ့ နည်းပညာအကူအညီပေးရေး အဖွဲ့တဖွဲ့ မြန်မာနိုင်ငံကို သွားရောက်မှာဖြစ်ကြောင်း IMF ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့က ပြောပါတယ်။

မြန်မာအာဏာပိုင်များရဲ့ မေတ္တာရပ်ခံချက်ကို ရရှိတာကြောင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းစနစ်ပြင်ဆင်ရေးနဲ့ ငွေပေးငွေယူနဲ့ ငွေအလွှဲအပြောင်းကိစ္စတွေမှာ ကန့်သတ်မှုလျှော့ချရေးတို့မှာ ကူညီဖို့လာမဲ့ အောက်တိုဘာလလယ်မှာ သွားရောက်မှာဖြစ်တယ်လို့လည်း ပြောဆိုပါတယ်။ ဒါပေမယ့် အသေးစိတ်ပြောဆိုဖို့ကိုတော့ IMF ပြောရေးဆိုခွင့်ရှိသူက ငြင်းဆန်ပါတယ်။

၂၀၀၈ ခုနှစ်က IMF စီးပွါးရေးပညာရှင်နှစ်ဦးပြုစုတဲ့ စစ်တမ်းတစ်စောင်မှာတော့ မြန်မာနိုင်ငံရဲ့နည်းလမ်းမဟုတ်တဲ့ ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးရတဲ့ ပမာဏဟာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ တိုင်းပြည် စီးပွါးရေးပမာဏရဲ့ ၁၄% ကနေ ၁၇% ထိရှိတယ်လို့ဖေါ်ပြပါရှိပါတယ်။

# ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး

**ယခင် အပတ်အဆက်**

**ခင်မမမျိုး**

နည်းပညာသစ်များကို လုပ်ငန်းရှင်များ အကူအညီနဲ့ သုတေသနပြုပြီးတဲ့အခါ အချို့သော လုပ်ငန်းရှင်များက နည်းပညာများကို တောင်သူလယ်သမားများကို ဖြန့်ဖြူးအသုံးချစေခြင်းမရှိပဲ၊ လက်ဝါးကြီးအုပ်ထားတာတွေလဲ ရှိတတ်ပါတယ်။ ဒီလိုအခြေအနေတွေဖြစ်လာတဲ့အခါ အစိုးရကဝင်ရောက်စွက်ဖက်မှုတွေ ပြုလုပ်ဖို့လိုအပ်ပါတယ်။

(၆) အစားအစာ လုံခြုံရေး (Food Security)

အစားအစာ လုံခြုံရေးဟာ ၂၁ရာစု ကမ္ဘာရဲ့ အမျိုးသားလုံခြုံရေး မူဝါဒတွေမှာ ထည့်သွင်းစဉ်းစားလာရတဲ့ အချက်ဖြစ်ပါတယ်။ ဥစ္စာဖြို၊ စားဖိုကဆိုတဲ့ မြန်မာစကားရှိပါတယ်။ စားဝတ်နေရေးမှာအစားအစာဟာ အိမ်ထောင်စုဝင်ငွေရဲ့ အများဆုံးပမာဏကို အမြဲတစေ ဖြိုယူနေတဲ့ အရာဖြစ်ပါတယ်။ ထုတ်လုပ်မှု၊ ကုန်ဈေးနှုန်း၊ လုပ်ခလက်စာ၊ အလုပ်အကိုင်အတက်အကျတွေ ဖြစ်ပွားလာတဲ့အခါမှာ ကျေးလက်ဒေသဆင်းရဲနွမ်းပါးသူတွေရဲ့အစားအစာ လုံခြုံရေးကို ထိခိုက်လာစေပါတယ်။ အစာအဟာရ မပြည့်စုံမှုကြောင့် လူသားတွေရဲ့ စွမ်းရည်တွေကို ကျဆင်းစေပါတယ်။ လူသားတွေရဲ့ စွမ်းရည်တွေ ကျဆင်းလာတာနဲ့အမျှ ထုတ်လုပ်မှုကို ထိခိုက်စေနိုင်ပါတယ်။ အစားအစာ လုံခြုံမှုမရှိခြင်း (သို့မဟုတ်) လုံလောက်မှုတမှုမရှိခြင်းဟာ လူ့အဖွဲ့အစည်းအတွက် ဆိုးကျိုးတွေဖြစ်စေနိုင်တဲ့ negative externalities ပဲ ဖြစ်ပါတယ်။

ဒါကြောင့် အစားအစာ လုံခြုံရေးမရှိတဲ့အခါ အစားအစာ ကူညီထောက်ပံ့မှု (food subsidies) တွေ ပြုလုပ်ဖို့ လိုအပ်ပါတယ်။ အစားအစာကူညီထောက်ပံ့မှု လုပ်နိုင်တဲ့ သဏ္ဍာန်တွေကတော့ ရိက္ခာများထုတ်ပေးခြင်း၊ food stamps လို့ခေါ်တဲ့ လူတဦးချင်းစီအလိုက်၊ အိမ်ထောင်စုအလိုက်အစားအစာတွေ ဝယ်ယူနိုင်တဲ့ ငွေကြေးပမာဏတခုနှင့် ညီမျှသော အစားအစာ ဝယ်ယူခွင့်လက်မှတ်များထုတ်ပေး ခြင်း၊ ကျေးရွာအလိုက် supplementary feeding programs များဖော်ဆောင်ခြင်း စတာတွေ ဖြစ်ပါတယ်။

အချို့နိုင်ငံတွေမှာတော့ အိမ်ထောင်စုတခုချင်းစီရဲ့ ဝင်ငွေပေါ်မူတည်ပြီး ဝင်ငွေနည်းပါးသူများကို အစားအစာ ကူညီထောက်ပံ့ပေးမှုတွေ၊ အသက် ငါးနှစ်အောက် ကလေးသူငယ်များနဲ့ကိုယ်ဝန်ဆောင်မိခင်များအတွက်ကူညီထောက်ပံ့ပေးမှုတွေ၊ဒေသတခုချင်းအလိုက်လိုအပ်ချက်ပေါ်မှာ မူတည်ပြီး ဖြည့်ဆည်းပေးမှုတွေပြုလုပ်ကြပါတယ်။ အစိုးရတွေက ဦးဆောင်တဲ့လုပ်ငန်းဆောင်တာတွေအပြင် အန်ဂျီအိုတွေ နဲ့အခြားစေတနာရှင်များကကူညီထောက်ပံ့ပေးမှုတွေလဲ ရှိတတ်ပါတယ်။

နိဂုံး

နိဂုံးချုပ်ဆိုရရင် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုတာ မြို့ပေါ်က ချမ်းသာသူတွေဆီက အလှူငွေကောက်ခံပြီး၊ ကျေးလက်ဒေသ ပြည်သူတွေအတွက် အသုံးပြုခြင်းကို ဆိုလိုတာမဟုတ်ပါဘူး။ နိုင်ငံတော်ကဦးဆောင်ပြီး သင့်လျော်မယ့် အစိုးရဘတ်ဂျက်များချမှတ်အသုံးပြုခြင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သင့်လျော်သောမူဝါဒများ ချမှတ်ခြင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊ land inequality လျှော့ချခြင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်း အားကောင်းလာစေခြင်း၊ အစားအစာလုံခြုံရေးအတွက် အန်ဂျီအိုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ခြင်း၊ မြေရှင်၊ အရင်းရှင်များကို ဘက်လိုက်သောတရားစီရင်ရေးစနစ်များနှင့် ဥပဒေများကို ဖယ်ရှား ခြင်း၊ ဘက်လိုက်သော ဥပဒေဘက်တော်သားများကို အရေးယူခြင်း၊ rural dualism ပြဿနာများကို တိုက်ဖျက်ခြင်း၊ ဗျူရိုကရက် မြေရှင်စနစ်ကို ဖယ်ရှားခြင်း စသည့်မူဝါဒများ၊ လုပ်ငန်းဆောင်တာများဖြင့်သာ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု သံသရာစက်ဝန်းကို ရပ်တန့်နိုင်မှာ ဖြစ်ပါကြောင်းရေးသားတင်ပြအပ်ပါတယ်။

ရည်ညွှန်းကိုးကား။


Behrman, J. (1993) "Macroeconomic policies and Rural Poverty: Issues and Research Strategies", in Quibria, M.G. (ed) Rural Poverty in Asia, Oxford University Press, Hong Kong

Ashley, C. and S. Maxwell (2001) 'Rethinking Rural Development', Development Policy Review, 19 (4), Overseas Development Institute, London

Lipton, M. (2004) 'New directions for agriculture in reducing poverty: the DFID initiative'.

Marsh, S. P. and T. G. Macaulay (2002) 'Land reform and the development of commercial agriculture in Vietnam: policy and issues', Agribusiness Review, Volume 10.

# ကရင်အမျိုးသားခေါင်းဆောင်တဦး ပြည်တွင်းမှာ အဖမ်းဆီးခံရ

**VOB ၊ ဩဂုတ်လ ၃၀ ။** ။ ကရင်အမျိုးသား အစည်းအရုံး KNU ရဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ မန်းငြိမ်းမောင်ဟာ မြန်မာအစိုးရရဲ့ဖမ်းဆီးခြင်းကို ခံထားရတယ်လို့ ဗွီအိုအေက သတင်းရရှိပါတယ်။

တရုတ်နိုင်ငံထဲ တရားမဝင် ဝင်ရောက်မှုနဲ့ ကနဦး ဖမ်းဆီးခံရတာဖြစ်ပြီး နောက်ပိုင်း မြန်မာအစိုးရ လက်ထဲကို တရုတ်အာဏာပိုင်က လွှဲပြောင်းပေးခဲ့တယ်လို့ အမည်မဖော်လိုတဲ့ ပြည်ပရောက် အတိုက်အခံခေါင်းဆောင်တချို့ရဲ့ ပြောဆိုချက်အရ သိရပါတယ်။

ဒါနဲ့ပတ်သက်လို့ KNU ကရင်အမျိုးသားအစည်းအရုံးရဲ့ သီးခြားအတည်ပြုပြောဆိုချက်တော့ မရသေးပါဘူး။ သူ့ရဲ့ အခြေအနေနဲ့ပတ်သက်လို့တော့ အတိုက်အခံတွေကြား စိုးရိမ်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေပါတယ်။

မန်းငြိမ်းမောင်ဟာ KNU ကရင်အမျိုးသား အစည်းအရုံးရဲ့ဗဟိုကော်မတီဝင်တဦးဖြစ်သလို KNUအပါအဝင်တခြားတိုင်းရင်းသားလက်နက်ကိုင်တွေစုဖွဲ့ထားတဲ့ တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC မှာ KNU ကိုယ်စားဦးဆောင် လုပ်ရှားနေသူတဦးဖြစ်ပါတယ်။ သူဟာ အဓိကထိုင်း၊ မြန်မာနယ်စပ်မှာ လှုပ်ရှားခဲ့တာ ဖြစ်ပါတယ်။

မန်းငြိမ်းမောင်ဟာ ၁၉၆၀ ဝန်းကျင် တပိုက်မှာ ကရင်လူငယ် လှုပ်ရှားမှုနဲ့ အာဏာပိုင်တွေရဲ့ ထိန်းသိမ်းမှုကို ခံခဲ့ရပြီး မြန်မာပြည်မနဲ့ မိုင် ၂၀၀ ကျော်ဝေးတဲ့ ကိုကိုးကျွန်းကို ပို့ဆောင်ခံခဲ့ရပါတယ်။ ကိုကိုးကျွန်းကနေ တခြားနိုင်ငံရေးအကျဉ်းသား ၂ ဦးနဲ့အတူ ပင်လယ်ကို ဖြတ်ပြီး ပြည်မဘက်ကိုထွက်ပြေးခဲ့ပါတယ်။ ပြည်မအရောက်မှာဒေသခံအာဏာပိုင်တွေရဲ့ ဖမ်းဆီးခြင်းကိုခံခဲ့ရပါတယ်။

သူ့ရဲ့ကျွန်းအတွေ့အကြုံနဲ့ တခြားနိုင်ငံရောက် အတွေ့အကြုံတွေကို ရဲဘော်ရှောင်းဆိုတဲ့ ကလောင်နဲ့ ပြည်ပအတိုက်အခံစာစောင် မဂ္ဂဇင်းတွေမှာ ရေးသားခဲ့သူဖြစ်ပါတယ်။

ကွယ်လွန်သွားပြီဖြစ်တဲ့ စာရေးဆရာမြသန်းတင့်ရဲ့ ဓားတောင် ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဆိုတဲ့ ဝတ္ထုဟာ မန်းငြိမ်းမောင်ရဲ့ ကိုကိုးကျွန်းအတွေ့အကြုံကို မှီးရေးခဲ့တာလို့လည်း စာရေးသူကိုယ်တိုင်က ပြောခဲ့ဖူးပါတယ်။မန်းငြိမ်းမောင်ကို မြန်မာအာဏာ ပိုင်တွေက ဖမ်းဆီးထိန်းသိမ်းထားပြီဆိုတာနဲ့ ပတ်သက်လို့တော့ မြန်မာအစိုးရဘက်က တစုံတရာထုတ်ဖော်ပြောဆိုချက်မရသေးပါဘူး။

---

# ဂျာနယ်သတင်းထောက်တွေ အလုပ်များ

**RFA ၊ စက်တင်ဘာ ၀၁ ။** ။ ယခင် စက်မှု ၁ ဝန်ကြီးဟောင်းဦးအောင်သောင်းရဲ့သား ထုတ်ဝေမဲ့ IGE ဂျာနယ်အပြင် တခြား နာမည်ကြီးစီးပွားရေးသမားတွေကဂျာနယ်အသစ်တွေထုတ်ဝေဖို့စီစဉ်နေတယ်လို့ သိရပါတယ်။ အတွေ့အကြုံ ရှိတဲ့ စာနယ်ဇင်း သမားတွေကို လစာတွေ အများကြီး ပိုပေးနေတာကြောင့် ဂျာနယ်နဲ့ မဂ္ဂဇင်းတချို့က သတင်းထောက်တွေ လက်ရှိအလုပ်ကနေ ပြောင်းကြတယ်လို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး စာနယ်ဇင်းသမားတဦးက အခုလိုပြောပြပါတယ်။

"Winner က အောင်ဇော်မြင့်က သတင်းဂျာနယ် ထုတ်မယ်။ IGE ကတော့ ကြာပါပြီ။ Myanmar Wall Street ဆိုပြီးတော့လေ။ အေဒင်ဦးချစ်ခိုင်လည်းဂျာနယ်ထုတ်မယ်ကြားတယ်။ ဒါပေမဲ့ ကျနော်ကြားတာကတော့ ရေဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ်က လုပ်ခိုင်းတာလို့ ပြောတယ်။ အဲလို ဂျာနယ်အသစ်တွေ ပေါ်လာတဲ့အတွက် လက်ရှိလုပ်နေတဲ့ သတင်းဂျာနယ်က လူတွေကို သူတို့က လစာကောင်းကောင်း ပေးပြီး ခေါ်ကြတာပေါ့။"

Myanmar Times လို ဒေါ်လာနဲ့လစာရတဲ့ တိုက်ကသတင်းထောက်တွေဟာလည်း ဒေါ်လာဈေးကျဆင်းတဲ့အတွက် ဝင်ငွေနည်းသွားတာမို့ လစာငွေပိုရတဲ့တိုက် ပြောင်းသွားတဲ့ သဘောမျိုးလည်းရှိတယ်လို့ Myanmar Timesကနေ နုတ်ထွက်သွားတဲ့ စာနယ်ဇင်းသမားတဦးပြောပါတယ်။ တချို့က Myanmar Times ကနေ ၁၂ ယောက်ထက်မနည်း နုတ်ထွက်သွားပြီး The Voiceဂျာနယ်က သတင်းထောက်အတော်တော်များများ Winner ကိုပြောင်းလိမ့်မယ်လို့ခန့်မှန်းပါတယ်။

ဦးအောင်သောင်းရဲ့သားတွေ ပိုင်တဲ့ IGE က ထုတ်ဝေမယ့်ဂျာနယ်မှာ Myanmar Times မှာလုပ်ခဲ့ဖူးတဲ့ ဒေါ်စုမြတ်လှက ညွှန်ကြားရေးမှူးတာဝန်ယူမယ်လို့ သိရပါတယ်။

အခုလို စာနယ်ဇင်းသမား လစာများတဲ့ တိုက်ကို ပြောင်းနေကြတာမို့ တချို့စာစောင်တွေလည်း လက်ရှိစာနယ်ဇင်းသမားကို လစာတိုးပေးနေတယ်လို့လည်း သိရပါတယ်။

---

# အမေရိကန် ဂီတအဖွဲ့ မြန်မာလာမည်

**VOB၊ဩဂုတ်လ ၃၁။** ။ အမေရိကန် ဘလူးစ်တေးဂီတ အဖွဲ့တခုဖြစ်တဲ့ Earth String Band ဟာ အမေရိကန် နိုင်ငံခြားရေးဌာနရဲ့ ပညာရေးနဲ့ ယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်နဲ့ ရှေ့လထဲမှာ မြန်မာနိုင်ငံကို သွားရောက်ဖို့ ရှိနေပါတယ်။ ဒီ အာရှခရီးစဉ်နဲ့ပတ်သက်လို့ အမေရိကန်နိုင်ငံခြားရေးဌာန အရာရှိတဦးက ဗွီအိုအေကို အခုလိုပြောပါတယ်။

"Earth String Band ဘလူးစ် တေးဂီတအဖွဲ့ဟာ ရှေ့လထဲမှာ လာအို၊ ထိုင်း၊ အရှေ့တီမောနဲ့ တောင်ကိုရီးယားနိုင်ငံတွေ ပါဝင်တဲ့ အာရှ ၅ နိုင်ငံ ခရီးစဉ်သွားရောက်မှာဖြစ်ပါတယ်။ အခု မြန်မာအစိုးရဆီကနေ မြန်မာနိုင်ငံထဲ ဝင်ခွင့်ဗီဇာရဖို့ စောင့်နေပါတယ်။ ရရင် မြန်မာနိုင်ငံကိုလည်း သွားမှာပါ။ Rhythm Road လို့ခေါ်တဲ့ ပြည်ပဖျော်ဖြေရေး အစီအစဉ်နဲ့ ဂီတပညာရှင်တွေကို နိုင်ငံခြားရေးဌာနက မြန်မာနိုင်ငံကို စေလွှတ်တာ ဒါဟာတတိယအကြိမ်ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်ကမာယာ အာဇူဆန်နာ (Maya Azucena) ဂီတအဖွဲ့ မြန်မာနိုင်ငံကို သွားခဲ့သလို ၂၀၀၉ ခုနှစ်က The Student Loan တေးဂီတအဖွဲ့ သွားခဲ့ပါတယ်။"

တေးဂီတနဲ့ ယဉ်ကျေးမှုတွေ ဖလှယ်ရင်း နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရစေဖို့ ရည်ရွယ်ချက်နဲ့ Rhythm Road တေးဂီတ ပြည်ပဖျော်ဖြေရေးအစီအစဉ်ကို အမေရိကန် နိုင်ငံခြားရေးဌာနနဲ့ Jazz at Lincon Center တို့ ပူးပေါင်း စတင်ခဲ့တာဖြစ်ပါတယ်။

အခုတခေါက် မြန်မာနိုင်ငံအပါအဝင် အာရှ ၅ နိုင်ငံသွားရောက်မယ့် Rhythm Road ရဲ့ အစီအစဉ်ကို စက်တင်ဘာလ ၈ ရက်နေ့ကနေ အောက်တိုဘာလ ၁၁ ရက်နေ့အထိ လုပ်သွားမှာဖြစ်ပြီး ဒီအစီအစဉ်မှာ တေးဂီတ ဖျော်ဖြေပွဲတွေ၊ ဒေသခံ ဂီတပညာရှင်တွေနဲ့တွေ့ဆုံမှုတွေအပါအဝင် တခြားလှုပ်ရှားမှုတွေလည်းပါဝင်မှာ ဖြစ်ပါတယ်။

# နိုင်ငံရေးအရ ကျယ်ပြန့်တဲ့ ဆွေးနွေးပွဲတွေ လုပ်ဖို့မရှိသေးဟု အကြံပေးကပြောဆို

**VOB । ဩဂုတ်လ ၃၁ ။** ။ မြန်မာအစိုးရသစ်အနေနဲ့ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နေရာမှာ စီးပွား ရေးဆိုင်ရာကိစ္စရပ်တွေကို ဦးစားပေးဆောင်ရွက်နေပြီး နိုင်ငံရေးအရ ကျယ်ပြန့်တဲ့ ဆွေးနွေးမှုတွေ ဖြစ်လာရေးအတွက်တော့ လတ်တလော အစီအစဉ်မရှိသေးဘူးလို့သမ္မတရဲ့နိုင်ငံရေးအကြံပေးတဦးကဗွီအိုအေ ကိုပြောပါတယ်။ အပြည့်အစုံကို ကိုသားညွန့်ဦးက တင်ပြပေးထားပါ တယ်။

စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေး ပွဲကို နေပြည်တော်မှာ ကျင်းပပြုလုပ်ပြီးတဲ့နောက်ပိုင်း အခြားဆိုင်ရာ ကျန်းမာရေး၊ လူမှုရေးအကြောင်းရပ် တခုချင်းအလိုက် ဆွေးနွေးပွဲတွေ ကို ပြုလုပ်ဖို့စီစဉ်ထားတယ်လို့ သိရပါတယ်။ ဒီနေရာမှာ နိုင်ငံရေးနဲ့ ပတ်သက်လို့အမျိုးသားအဆင့်ဆွေးနွေးပွဲလည်း မကြာခင်ဖြစ်လာဖွယ် ရှိတယ်ဆိုပြီး သတင်းတွေထွက်လာပါတယ်။

ဒါပေမဲ့လည်း နိုင်ငံရေးအရကျယ်ပြန့်တဲ့ဆွေးနွေးမှုတွေစတင်ဖို့ အတွက် လတ်တလောမှာ အစီအစဉ်မရှိသေးဘူးလို့ နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာနေဇင်လတ်က ဗွီအိုအေမြန်မာပိုင်းကို ပြောပါ တယ်။

"Political Forum အနေနဲ့ကတော့ ကျနော်မကြားမိသေးဘူး။ သို့သော်လည်း ဖိုရမ် (Forum) တွေကတော့ ကျနော်တို့ တောက် လျှောက်လုပ်မှာပေါ့။ အခု စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုတွေကို နည်းနည်းလေးအလေးအနက်ထားပြီး လုပ်တဲ့အတွက်ကြောင့် လော လောဆယ်တော့ စီးပွားရေးနဲ့ဆိုင်တဲ့ ဖိုရမ်တွေလုပ်တယ်ပေါ့ဗျာ။

"နောက်တခါ ဦးစားပေးက ကျန်းမာရေးလား၊ ပညာရေးလား ကျနော်တို့ မသိသေးဘူး။ ဖိုရမ်တွေတော့ တောက်လျှောက်လုပ်သွား မှာပေါ့။ သို့သော်လည်း Political Forum ရယ်လို့ ခေါင်းစဉ်ကြီးနဲ့တော့ ကျနော် မသိထားသေးဘူး။ ကျနော့်အနေနဲ့ကတော့ Political Forum ရဲ့ခေါင်းစဉ်အောက်မှာ ရှိလာမယ်လို့ ကျနော်သိမထားသေးပါဘူး။"

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအပါအဝင်စီးပွားရေး၊ လူမှုရေးပြုပြင် ပြောင်းလဲမှုဆိုင်ရာကိစ္စတွေအတွက် အကြံပေးအဖွဲ့အနေနဲ့သမ္မတကို တင်ပြထားတာတွေရှိပေမဲ့လို့ ဘယ်အကြောင်းရပ်ကို ဦးစားပေးဆောင် ရွက်မလဲဆိုတာကတော့ အကြံပေးအဖွဲ့က ဆုံးဖြတ်ပိုင်ခွင့် မရှိဘူးလို့ လည်း ဒေါက်တာနေဇင်လတ်က ပြောပါတယ်။

"ကျနော်တို့ အကြံပေးဆိုတော့ဗျာ Issues တွေ တော်တော် များများ ကျနော်တို့ကတော့ ရေးပြီး သမ္မတကြီးဆီ တင်ပြထားတာ တော့ရှိတယ်။ သို့သော်လည်း Priority ရွေးတဲ့အခါမျိုး၊ ဘယ်ဟာ အရင်လာမယ်၊ ဘယ်ဟာ နောက်မှာလာမယ်ဆိုတာတော့ ကျနော်တို့ က ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့သူတွေ မဟုတ်ဘူးလေ။"

"ကျနော်တို့ လက်လှမ်းမီတဲ့ Issues တွေ တော်တော်များများ ကတော့ မခွဲခြားဘဲ ကျနော်တို့က တင်တင်ပေးနေရတာတော့ ရှိတယ်။ သို့သော်လည်း ဘယ်ဟာပြီးရင် ဘယ်ဟာလာမယ်၊ ဘယ်ဟာပြီးရင် ဘယ်ဟာလာမယ်ဆိုတာကျတော့ ကျနော်တို့ ဆုံးဖြတ်ပိုင်ခွင့်ထဲမှာ မရှိဘူးလေ။ အဲဒီအတွက်ကြောင့် ကျနော်ပြောလို့တော့ မရဘူးပေါ့။"

ပြည်ပရောက် မြန်မာလူမျိုးတွေကို ပြန်လာခွင့်ပေးမယ်ဆိုပြီး သမ္မတဦးသိန်းစိန်က ပြောခဲ့တာကြောင့် မကြာခင် နိုင်ငံရေးအရ တစုံ တရာအပြောင်းအလဲတွေ ပေါ်လာမလား၊ အထူးသဖြင့်တော့ အာဏာ ပိုင်တွေနဲ့ အတိုက်အခံတွေအားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေး ဆွေးနွေးပွဲ ပေါ်လာမလား၊ မျှော်လင့်သူက မျှော်လင့်ထားပါတယ်။ ပြည်ပရောက် တွေ ပြန်ခေါ်ဖို့အစီအစဉ်ရှိပေမဲ့ အားလုံးပါဝင်တဲ့နိုင်ငံရေးဆွေးနွေးပွဲမျိုး ဖြစ်လာနိုင်ချေမမြင်သေးဘူးလို့ ဒေါက်တာနေဇင်လတ်ကဆိုပါတယ်။

"ပြည်ပရောက်အဖွဲ့တွေကိုတော့ အိမ်ပြန်လာရင် ရပါတယ်ဆို တာကတော့ သမ္မတကြီးကိုယ်တိုင်က မိန့်ခွန်းထဲမှာ ထည့်ပြောထားပြီး ပြီလေ။ ဒါကိုတော့ ကျနော် ယုံမှားသံသယမရှိဘူးပေါ့။ သို့သော်လည်း ဖိုရမ်အဆင့်အထိ လုပ်မယ် ကိုင်မယ်ဆိုတာတော့ ကျနော် သိမထား သေးပါဘူး။"

နေပြည်တော်မှာ ကျင်းပခဲ့တဲ့ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဦးသိန်းစိန် တို့သီးခြားတွေ့ဆုံခဲ့သလိုဆွေးနွေးပွဲကိုလည်းဒေါ်အောင်ဆန်းစုကြည် အချိန်ပိုင်း တက်ရောက်ခဲ့ပါတယ်။ မတူညီမှုတွေကို ဘေးဖယ်ပြီးတူညီ မှုအခြေခံတွေအပေါ်မှာ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုပြီး ထုတ်ပြန် ခဲ့ကြပါတယ်။

ဒါကြောင့် အစိုးရနဲ့ အတိုက်အခံဒီမိုကရေစီခေါင်း ဆောင်တို့ အကြား အရင်ကလိုမဟုတ်ဘဲ တင်းမာမှုတွေ အတော်လေးလျော့နည်း သွားခဲ့တာကြောင့် စစ်မှန်တဲ့ နိုင်ငံရေးဆွေးနွေးမှုတွေ ဖြစ်လာတော့မ လားဆိုပြီး မျှော်လင့်သူတွေရှိသလို လက်တွေ့ကျတဲ့ အပြောင်းအလဲ တွေမမြင်ရသေးဘူးဆိုပြီးဒီဆက်ဆံရေးအပေါ်မှာသံသယထားသူတွေ လည်း ရှိတာတွေ့ရပါတယ်။

---

**စာမျက်နှာ ၁၄ မှ**

ထဲက တဦးဖြစ်တဲ့ ကိုမြတ်သူ ပြောပြသွားတာဖြစ်ပါတယ်။

မြန်မာအစိုးရဘက်ကတော့ဒီမြစ်ဆုံစီမံကိန်းတွေကနေနိုင်ငံတ ဝန်း လျှပ်စစ်ဓာတ်အားတွေပေးနိုင်မှာဖြစ်သလို ဒီစီမံကိန်းတွေကနေ မြစ်ကိုအမှီပြုနေတဲ့လုပ်ငန်းတွေမထိခိုက်တဲ့အကြောင်းအစိုးရသတင်း စာတွေကနေ ရေးသားပါတယ်။

မကြာသေးခင်က နေပြည်တော်မှာပြုလုပ်ခဲ့တဲ့ သတင်းစာရှင်း လင်းပွဲမှာလည်း နိုင်ငံတော်အစိုးရဟာ ဧရာဝတီမြစ်ကိုချစ်သလို တန်ဖိုး ထားပါတယ်လို့ ဝန်ကြီးဦးကျော်ဆန်းက သတင်းထောက်တွေကိုပြော ခဲ့ပါတယ်။

ဒါပေမဲ့ ဧရာဝတီမြစ်မှာ စနစ်တကျစီမံကိန်းတွေ ရှိဖို့နဲ့သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ရှောက် လိုက်နာမှုတွေနဲ့အတူ ဒီမြစ်ကြောင်း ကြီးကို အားလုံးပူးပေါင်းကာကွယ်ဖို့အတွက် မြန်မာ့ဒီမိုကရေစီခေါင်း ဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြီးခဲ့တဲ့ ဩဂုတ်က ပန်ကြား ချက်တစောင် ထုတ်ပြန်ထားပါတယ်။

# ငြိမ်းချမ်းရေးကော်မတီ ဖွဲ့ရေး အမျိုးသားလွှတ်တော်က အတည်ပြု

**RFA ၊ စက်တင်ဘာ ၀၁ ။**  ။ နေပြည်တော်မှာ ဒီကနေ့ ကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆွေးနွေးစဥ်းစားရန် အမျိုးသားလွှတ်တော်ဥက္ကဌရဲ့ အဆိုပြုတင်ပြချက်ကို သဘောတူလက်ခံလိုက်ပြီလို့ သိရပါတယ်။

ဒ့ါအပြင် မနေ့က အမျိုးသားလွှတ်တော်အစည်းအဝေးမှာ တင်ပြဆွေးနွေးခဲ့တဲ့ ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းရေးအဆိုကို အတည်ပြုခဲ့တယ်လို့ သိရပါတယ်။ မနေ့က ဒီအဆို တင်သွင်းရာမှာအမျိုးသားလွှတ်တော်အမတ် ဦးထွန်းလွင်က တင်သွင်းခဲ့တာဖြစ်ပြီး ရခိုင်အမျိုးသားအထက်လွှတ်တော်အမတ် ဒေါက်တာအေးမောင်က ငြိမ်းချမ်းရေးကော်မတီမှာ ဒေါ်အောင်ဆန်းစုကြည်လို အများပြည်သူလေးစားကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေ ပါဝင်ရေးကိစ္စကို တင်ပြခဲ့ပါတယ်။ ဒါပေမယ့် ဒီအချက်ကို ဆုံးဖြတ်ချက်မှာ ထည့်သွင်းမဆုံးဖြတ်ခဲ့ဘူးလို့သိရပါတယ်။

ဒီကနေ့ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပြင်ဆင်တဲ့ ဥပဒေကြမ်းကိုဆွေးနွေးစဥ်းစားရန် သဘောတူချက်ဟာ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို ပြင်ဆင်ဖို့ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောပါတယ်။

"အဲဒါတွေကတော့ နဂိုကတည်းက ပြင်ချင်တဲ့ဟာတွေကို သူတို့က မူကြမ်းအဖြစ် ကျနော်တို့ကို ပေးထားတာ တပါတ်လောက်ရှိပါပြီ။ တချို့စာသားအသုံးအနှုန်းတွေ၊ အဓိပ္ပါယ်ပြောင်းစေတဲ့ဟာတွေပါပါတယ်။ ဥပဒေကြမ်း ကော်မတီကနေပြီးတော့ စာအနေအထား တွေရေးပါပါတယ်။ စာသားပြောင်းသွားတယ်။ နောက် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီဆိုတဲ့ စာသားတွေ၊ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အဓိပ္ပါယ်နှစ်ခွထွက်နေတာတွေ ပြင်တာတွေပါ။"

ဒီကနေ့ အစည်းအဝေးမှာပဲ တိုင်းရင်းသားဒေသတွေက အခြေအနေတွေနဲ့ပတ်သက်ပြီး အဆိုသစ် တစ်ရပ်တင်သွင်းခဲ့ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် ၉ က လွှတ်တော်အမတ် ဦးနေဝင်းထွန်းက တိုင်းရင်းသားဒေသတွေမှာ ပုဂ္ဂလိက ကုမ္ပဏီတွေဖွဲ့စည်းတည်ထောင်ခွင့်ပြုဖို့ တင်ပြခဲ့တာပါ။

ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ်တွေက မေးခွန်း ၈-ခု မေးမြန်းကြကြောင်း၊ မွန်ပြည်နယ်နဲ့ရခိုင်ပြည်နယ်က စစ်တပ်ရဲ့ လုပ်ရှားမှုတွေနဲ့ပတ်သက်တဲ့ မေးခွန်း ၂-ခုကို ကာကွယ်ရေးဝန်ကြီးက ဖြေကြားခဲ့ပြီးကရင်ပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသတွေက ဆောက်လုပ်ရေးနဲ့ပတ်သက်တဲ့ မေးခွန်း ၆-ခု ကိုတော့ ဆက်သွယ်ရေးဝန်ကြီးက ဖြေကြားခဲ့တယ်လို့ သိရပါတယ်။


Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**